မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၃၆)

တစ်ခုတည်းသော အမိမြေ အမိနိုင်ငံတော်ကြီး တိုင်းရင်းသားများ ဝိုင်းဝန်းတည်ဆောက်ကာကွယ်

ဒို့နိုင်ငံဟာ နေရာတိုင်း နေရာတိုင်း၊ ဒေသတိုင်း ဒေသတိုင်းမှာ တိုင်းရင်းသားပေါင်းစုံဟာ အတူတကွ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။ တိုင်းနဲ့ ပြည်နယ်(၁၄)ခုနဲ့ ဖြစ်တည်နေတဲ့ နိုင်ငံတော်အတွင်း တိုင်းနဲ့ပြည်နယ်တိုင်းမှာ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ တစ်သားတည်း နေထိုင်လျက်ရှိကြတယ်။ ကာလရှည်လျားစွာ ပေါင်းစည်းနေထိုင်ကြလို့လဲ တစ်ဦးအပေါ် တစ်ဦး မေတ္တာတရား၊ သံယောဇဉ်တရားနဲ့ သစ္စာစောင့်သိမှုတရားတွေ ခိုင်မြဲနေကြပြီဖြစ်တယ်။ ဒါကြောင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်တဲ့ တိုင်းရင်းသားတွေဟာ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက် ကာကွယ်စောင့်ရှောက်ကြမယ်ဆိုတဲ့စိတ်ဓာတ်ဟာ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ တစ်နည်းအားဖြင့် မှန်ကန်တဲ့ အမျိုးသားရေး ယုံကြည်ချက်ပေါ်က ထွန်းကားလာတဲ့ မျိုးချစ်စိတ်ဓာတ်လဲဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၅)သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ တက်ရောက်လာသော ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်း အတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၆ ခုနှစ် ပြည်ထောင်စုနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ ခိုင်မာသောသန္နိဋ္ဌာန်စိတ်ဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာတွင်–

"နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမိုင်းကြောင်း သင်ခန်းစာများကို ရယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားကို အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်နှင့်အညီ ယနေ့အချိန်အခါတွင် ပြည်ထောင်စုကြီးအတွင်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများပါမကျန် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှု အခြေခံကောင်းများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရရှိဖြစ်ထွန်းနေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ပါသည်"

ဟူ၍ ဖော်ပြပါရှိသည်။

ရှည်လျားခိုင်မာသော မြန်မာ့သမိုင်းစဉ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲတွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ မားမားမတ်မတ် ရပ်တည်နိုင်စေရန် ထာဝစဉ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်များဖြစ်သည်။

မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်လိုသော ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်တို့သည် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို စနစ်တကျ သပ်လျှိုဖြိုခွဲပြီး အမျိုးသားရေးအားမာန်ကို လျော့ပါးချည့်နဲ့အောင်လုပ်ဆောင်ခဲ့၊ လုပ်ဆောင်ဆဲဖြစ်သည်ကို အမျိုးသားရေးသတိဖြင့် သိမြင်ထားကြရန် လိုပေသည်။

ယခုအခါ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အရင်းတည်၍ တစ်မျိုးသားလုံး လိုလားတောင့်တသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ အဓိကအကျဆုံးနှင့် ပထမဆုံးသော လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်အများစု ပါဝင်ပြီး အောင်အောင်မြင်မြင် ကျင်းပလျက်ရှိသည်။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် ပြည်ထောင်စုကြီး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပြီး အမျိုးသားရေးအားမာန်လည်းဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုတိုးတက် ထွန်းကားပြန့်ပွားပြီး ရင့်သန်ခိုင်မာလာစေရန် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ကြိုးပမ်း စွမ်းဆောင်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝစဉ်မွေးမြူလျက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရင့်သန်ခိုင်မာအောင် အားထုတ်ကြိုးပမ်းရင်း အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များဖြစ်သော–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီးထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ် ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသောသန္နိဋ္ဌာန်စိတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ညောင်တုန်းမြို့နယ်၌ ကျောက်ချောလမ်းသစ်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ညောင်တုန်းမြို့ သိလ္လာလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၁ရက် နံနက်၇နာရီက ကျင်းပသည်။ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။(အပေါ်ပုံ)

ရှေးဦးစွာ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးခင်မောင်မြင့်က လမ်းနှင့် ပတ်သက်သော အချက်အလက်များအား ရှင်းလင်းတင်ပြပြီး လမ်းသစ်အား စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ လမ်းမှာ အရှည် ပေ၃၅၀၀၊ အကျယ် ၁၂ ပေရှိကြောင်း သိရှိရသည်။

ဆောင်ရွက်ပြီးစီး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော မအူပင်မြို့ (၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့လည်းကောင်း၊ မြို့သစ် (၃) လမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲ အခမ်းအနားသို့လည်းကောင်း တက်ရောက်သည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၁၂)ရပ်ကွက်နေ ပြည်သူများနှင့်တွေ့ဆုံကာ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် မအူပင်–ကျိုက်လတ်လမ်းနှင့် ဆက်သွယ်သည့် တာပတ်အနောက်ကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် လမ်းအား ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မအူပင်မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၃–၂–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း–၁၂)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ မေးမြန်းစူးစမ်း
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၁၇)

ပြည်ထောင်စုနေ့ အစီအစဉ်

“တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”

● ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် သမ္မတအိမ်တော်ဝင်းသို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၀၆ ခုနှစ် ပြည်ထောင်စုနေ့ညှော်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးညှော်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ညစာစားပွဲတည်ခင်းညှော်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ညှော်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၆ ခုနှစ် ပြည်ထောင်စုနေ့ညှော်ခံပွဲ နှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးညှော်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၀၆ ခုနှစ် ပြည်ထောင်စုနေ့ညှော်ခံပွဲ နှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးညှော်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ညှော်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ဇနီး၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ရေ၊လေ) တပ်မတော်အရာရှိကြီးများ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ၊ အမျိုးသားညီလာခံ အလှည့်ကျသဘာပတိအဖွဲ့၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ပြည်နယ် အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သီဆိုညှော်ခံဖျော်ဖြေ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲမကျင်းပမီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ညှော်သည်တော်များအား မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့က ပဏာမ ညှော်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း သီဆိုညှော်ခံဖျော်ဖြေကြသည်။

ကပြဖျော်ဖြေ

ညစာသုံးဆောင်အပြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် သမီးငယ်လေးများက “တေးအလှအကပန်းချီ အက”၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက “စည်းလုံးခြင်းသည်အင်အား”သရုပ်ဖော်အက၊ ကယားပြည်နယ် တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက “ဟူကလဲအဒယ်မေ(ခေါ်) တောင်ယာလုပ်ငန်း” သရုပ်ဖော်အက၊ကရင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက “ကရင်ရိုးရာဒုံးယိမ်းအက”၊ မွန်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက “ငြိမ့်ညောင်းသာစွ မွန်ဂီတ”ယိမ်းအက၊ တနင်္သာရီတိုင်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက “ပုလဲရတနာ”အက၊ ချင်းပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက“ရိုးရာကောက်ရိတ်သိမ်း အက”၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက “ဘိသိက် တော်ခံရီစင်သွန်”ယိမ်းအက၊ ရှမ်းပြည်နယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များက “သွေးချင်းတို့ဆုံရာ ပြည်ထောင်စုပွဲတော်မှာ ”စုပေါင်းအကနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “စည်းလုံး ညီညာ အောင်ကြောင်းဖြာ”တေးသရုပ်ဖော်အစီအစဉ်တို့ဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေ တင်ဆက်ကြသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရေခဲမုန့်ကြီးတစ်ခုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အကြီးဆုံးရေခဲမုန့်

ပေကျင်း ဖေဖော်ဝါရီ ၁၁

အဆိုပါ ရေခဲမုန့်ကြီးကိုတရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ရေခဲမုန့်ပြုလုပ် သူတစ်ဦးက အချိန်ယူကာ ပြုလုပ်ထားခြင်းဖြစ်ပြီး ထိုရေခဲမုန့်ကြီးသည် အရှည် ၁၅ ဒသမ ၇ ပေ၊ အကျယ် ၉ ဒသမ ၈ ပေ၊ အမြင့် ၃ ဒသမ ၃ ပေနှင့် အလေးချိန် ရှစ်တန်ရှိကြောင်း သိရသည်။ ၎င်းရေခဲမုန့်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ရေခဲမုန့်ကြီးအဖြစ် ဂင်းနစ်မှတ်တမ်းဝင်မည်ဖြစ်သည်ဟု ဂင်းနစ်မှတ်တမ်းဆိုင်ရာ အရာရှိတစ်ဦးက ပြောဆိုသည်။

ရိုက်တာ။

၁၄၆ ဒေါ်လာတန်ဘဲဥ

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် လွန်ခဲ့သော နှစ်ပေါင်း၂၅၀ခန့်က သေဆုံးခဲ့သော ကမ္ဘာကျော်ဂီတပညာရှင် ဂိန်းအာမာဒီအပ်စ်မိုးဇက်၏ ရုပ်ပုံကို ဘဲဥများပေါ်၌ ရေးဆွဲပြီး အမှတ်တရ လက်ဆောင်အဖြစ် ရောင်းချလျက်ရှိရာ အဆိုပါမိုးဇက်ပုံပါဘဲဥတစ်လုံးလျှင် အမေရိကန် ဒေါ်လာ ၁၄၆ဒေါ်လာရရှိခဲ့ကြောင်း သိရသည်။ (၎င်းသည် ၁၇၅၆ခုနှစ် ဇန်နဝါရီ ၂၇ရက်၌ သေဆုံးခဲ့သည်။)

အေပီ။

အေဒီ ၉ရာစု အင်္ဂလိုဆက်ဆွန်ခေတ် ရွှေဒင်္ဂါးပြားအား

၃၅၇၈၅၂ ပေါင်ဖြင့် ဗြိတိန်အမျိုးသားပြတိုက်ကဝယ်ယူ

လန်ဒန် ဖေဖော်ဝါရီ ၁၂

အပျော်တမ်းရှေးဟောင်းရတနာပစ္စည်းများရှာဖွေသူ တစ်ဦးက ၂၀၀၁ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့သော အင်္ဂလိုဆက်ဆွန်ခေတ်က အသုံးပြုခဲ့သည့် ရှေးဟောင်းရွှေဒင်္ဂါးပြားတစ်ပြားကို ၃၅၇၈၅၂ ပေါင်ဖြင့် ပိုင်ရှင် အမေရိကန်နိုင်ငံသားထံမှ ဗြိတိန်အမျိုးသားပြတိုက်က ငွေကြေးဖြင့် စံချိန်တင်ပေးချေဝယ်ယူပြီးနောက် ဗြိတိန်နိုင်ငံအတွက် ထိန်းသိမ်းထားလိုက်ကြောင်း သိရသည်။

ယခုကဲ့သို့ ရှေးဟောင်းငွေဒင်္ဂါးတစ်ပြားကို ငွေကြေးဖြင့် ဝယ်ယူမှုပမာဏသည် ဈေးအမြင့်မားဆုံး ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေဒင်္ဂါးပြားသည် လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀ခန့်က ပြုလုပ်ခဲ့သော ရွှေဒင်္ဂါးပြား တစ်ပြားဖြစ်ပြီး အေဒီ ၉ရာစုခန့်က အုပ်စိုးခဲ့သော ဘုရင်ကုမ်ဝုဖ် လက်ထက်က အသုံးပြုခဲ့သော ပစ္စည်းဖြစ်သည်။

ထပ်မံဝယ်ယူ

ယင်း ရွှေဒင်္ဂါးပြားကို ရှာဖွေတွေ့ရှိသူထံမှ ရှေးဟောင်းပစ္စည်းများစုဆောင်းသူ အမေရိကန် နိုင်ငံသားတစ်ဦးဖြစ်သည့် အယ်လန်ဒါဗစ်ဆင်းက ၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်းက ပေါင်ငွေ ၂၃၀၀၀၀ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဗြိတိန်အမျိုးသားပြတိုက်က ၃၅၇၈၅၂ ပေါင်ဖြင့် ထပ်မံဝယ်ယူခဲ့ခြင်း ဖြစ်သည်။

အရေးကြီး

ယင်းကုမ်ဝုဖ် ရွှေဒင်္ဂါးပြားသည် ဗြိတိသျှတို့၏ ရှေးနှစ်ပေါင်းများစွာက အချက်အလက်အချို့ကို သိရှိရန်အတွက် အလွန်အရေးကြီးသော ရွှေဒင်္ဂါးပြား တစ်ပြားဖြစ်ကြောင်း၊ ရှေးခေတ် ဗြိတိသျှလူမျိုးတို့၏ ငွေကြေးဆိုင်ရာ ခွဲဝေသုံးစွဲမှု၏ အမှတ်လက္ခဏာ တစ်ခုလည်းဖြစ်ကြောင်း ဗြိတိသျှအမျိုးသားပြတိုက်မှ ရှေးခေတ် ဗြိတိသျှ လူမျိုးတို့၏ ရွှေဒင်္ဂါးပြားများ ထိန်းသိမ်းရေးတာဝန်ခံ ဂါရိတ်ဝီလီယမ်စ်က ပြောကြားသည်။

လိုအပ်နေ

အဆိုပါ ရွှေဒင်္ဂါးပြား၏ အရွယ်အစားမှာ ဗြိတိသျှတို့ လွန်ခဲ့သည့် ၁၉၇၁ခုနှစ်အထိ အသုံးပြုခဲ့သော ပေါင်ငွေ ပဲနိပြားတစ်ပြားခန့်သာ

အေဒီ ၉ ရာစု အင်္ဂလို ဆက်ဆွန်ခေတ်မှ ရွှေဒင်္ဂါးပြားကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ရှိသည်။ ရှေးခေတ်ဗြိတိသျှလူမျိုးတို့သည် ထိုရွှေဒင်္ဂါးမျိုးရှစ်ခု ထုတ်လုပ်ခဲ့သည်ဟု သိရှိထားခဲ့ရာ ကျန်ရွှေဒင်္ဂါးပြား ခုနစ်ပြားမှာ ဗြိတိသျှအမျိုးသားပြတိုက်တွင် ယခင်က သိမ်းဆည်းထားနိုင်ခဲ့ပြီး ယခုရွှေဒင်္ဂါးပြားမှာ နောက်ဆုံးလိုအပ်နေသည့် ရွှေဒင်္ဂါးပြားဖြစ်သည်။

ယခုကဲ့သို့ ရွှေဒင်္ဂါးပြား ရှစ်ပြားစလုံး ပြန်လည် ထိန်းသိမ်းနိုင်မှုမှာ ရှေးခေတ် ဗြိတိသျှလူမျိုးတို့၏ ငွေကြေးဆိုင်ရာ သမိုင်းကြောင်းကို ပြသနိုင်မည့် အကောင်းဆုံး သက်သေအထောက်အထားများပင် ဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာ့ သိပ္ပံနှင့်နည်းပညာနယ်ပယ်၌ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာရန် တရုတ်ဆောင်ရွက်လျက်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၁၂

၂၁ရာစုအလယ်တွင် သိပ္ပံနှင့်နည်းပညာနယ်ပယ်များ၌ ကမ္ဘာပေါ်တွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာရန်နှင့် လာမည့်၁၅နှစ်တွင် ဆန်းသစ်တီထွင်မှုများဖြင့် တိုးတက်နေသော နိုင်ငံတစ်နိုင်ငံအဖြစ်ရောက်ရှိ လာစေရန် တရုတ်နိုင်ငံက စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ဟု တရုတ်နိုင်ငံအစိုးရက ဖေဖော်ဝါရီ၉ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

အမေရိကန်ဒေါ်လာ ၁၄၆ဒေါ်လာဖြင့် ရောင်းချလျက်ရှိသည့် ဘဲဥတစ်လုံးကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၂၀ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ သုတေသနပြုမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်များပြားလာမှုကြောင့် တရုတ်နိုင်ငံ၏ ဂျီဒီပီသည်၂ဒသမ ၅ရာခိုင်နှုန်းအထိ ယင်းကဏ္ဍများမှ တိုးတက်ရရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ထိုသို့ တိုးတက်လာမှုကြောင့် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှုများသည် တရုတ်နိုင်ငံ၏ ၆၀ရာခိုင်နှုန်းသော ဖွံ့ဖြိုးတိုးတက်မှုကို ပေးစွမ်းဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

နည်းပညာရပ်များ

ထိုသို့ တရုတ်နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် တရုတ်နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများ၏ နည်းပညာရပ်များအပေါ် မှီခိုအားထားရမှု ၃၀ရာခိုင်နှုန်းနှင့် အောက်သို့ကျဆင်းလျော့နည်းသွားမည် ဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားသည်။

ထိုသို့ လျော့နည်းကျဆင်းသွားမှုကြောင့် တရုတ်နိုင်ငံသားများ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အရည်အချင်းများ၊ ကျွမ်းကျင်မှုများသည် ကမ္ဘာပေါ်တွင် အရည်အသွေးရှိသော နိုင်ငံသားများအဖြစ် ကမ္ဘာ့အဆင့် ငါးနေရာအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် သိပ္ပံနှင့်နည်းပညာနယ်ပယ်များတွင် လာမည့် ၁၅နှစ်၌ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်ရှစ်အထိ ရောက်ရှိလာစေရေး ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ရှေးဟောင်းအုတ်ဂူတစ်လုံး အီဂျစ်တောင်ပိုင်း၌ ရှာဖွေတွေ့ရှိခဲ့

ကိုင်ရို ဖေဖော်ဝါရီ ၁၂

အီဂျစ်ဘုရင်များ၏ တောင်ကြား၌ အီဂျစ် ရှေးဟောင်းအုတ်ဂူတစ်လုံးကို ရှေးဟောင်းသုတေသနပညာရှင်များက တွေ့ရှိခဲ့ကြောင်း၊ ယင်းအုတ်ဂူမှာ ၁၉၂၂ ခုနှစ်က ဘုရင်တူတန်ခါမန်၏ အုတ်ဂူကို တွေ့ရှိခဲ့ပြီးနောက် ပထမဆုံးတွေ့ရှိခဲ့သည့် အုတ်ဂူဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်က ဖော်ပြထားသည်။

မမ်ဖစ်တက္ကသိုလ်မှ ဦးဆောင်သော အဆိုပါ သုတေသနပညာရှင် အဖွဲ့သည် ယခင်က အမျိုးအမည်မသိ ကျောက်တလားများနှင့် မံမီရုပ်အလောင်း ငါးလောင်းကို ရှာဖွေတွေ့ရှိသည်ဟု ဆိုသည်။ ယင်းတို့သည် အဆိုပါ မံမီများကို ယခုအထိ စစ်ဆေး အတည်မပြုရသေးကြောင်း၊ ရှေးဟောင်းဘုရင်မျိုးနွယ်များ သို့မဟုတ် ဘုရင်မများနှင့် မြင့်မြတ်သူများဖြစ် နိုင်ကြောင်း အီဂျစ်ရှေးဟောင်းသုတေသနအရာရှိ ဇာဟီဟာဝပ်စ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။



ရှေးဟောင်းအုတ်ဂူအား တွေ့ရှိရသော နေရာကို ဖေဖော်ဝါရီ ၁၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အုတ်ဂူဖြစ်

ယခုတွေ့ရှိသော အုတ်ဂူသည် ဘုရင်မနီဖာတီတီ၏ အုတ်ဂူဖြစ်နိုင်ကြောင်း အီဂျစ်ရှေးဟောင်း ပညာရှင် ဘော့ပါထရစ်ဂျီက ပြောကြားသည်။

အဆိုပါ ဘုရင်မ၏အုတ်ဂူမှာ ယခုအထိ မတွေ့ရသေးကြောင်း၊ ၎င်းဘုရင်မသည် ဘီစီ ၁၃၇၉ မှ ၁၃၅၈ ကာလအတွင်း အီဂျစ်နိုင်ငံကို အုပ်ချုပ်ခဲ့သည့် ဘုရင်မဖြစ်ကြောင်း၊ သူမအား အီဂျစ်မြောက်ပိုင်း အခေတာတန်အရပ်၌ မြှုပ်နှံခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ ၎င်းဘုရင်မနှင့် သားသမီးများ ယခုတွေ့ရှိရသော နေရာတွင် မြှုပ်နှံခဲ့သည်ဟု ယုံကြည်ရကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ဘုရင်များ၏ တောင်ကြားဒေသသည် အီဂျစ်တောင်ပိုင်း လူဆာမြို့အနီး၌ရှိပြီး ဘီစီ ၁၅၄၀မှစ၍ ယင်းတောင်ကြားဒေသ၌ အီဂျစ်ဘုရင်၊ ဘုရင်မနှင့် ၎င်းတို့၏မျိုးနွယ်များကို မြှုပ်နှံခဲ့သည်ဟု ဆိုသည်။

ယခုတွေ့ရှိသော အုတ်ဂူသည် အီဂျစ်မင်းဆက်ဖြစ်နိုင်ကြောင်း၊ ၎င်းမင်းဆက်သည် ဘီစီ ၁၅၃၉နှင့် ဘီစီ ၁၂၉၂ ကာလအတွင်း သည်ဘီးစ်မြို့တော်ကို တည်ထောင်ခဲ့သော မင်းဆက်များအနက် ပထမဆုံး မင်းဆက်ဖြစ်ကြောင်း၊ ယခုထိုမြို့ကို လူဆာမြို့ဟု ခေါ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အကောက်ခွန်နှစ်လည် မဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၆ခုနှစ် အကောက်ခွန်နှစ်လည်မဂ္ဂဇင်းကို တေးသံရှင် သရုပ်ဆောင် သဇင်(No°အဖွဲ့)၏ မျက်နှာဖုံးပုံဖြင့် ဖြန့်ချိထားသည်။ **(အောက်ယာပုံ)** ယင်းမဂ္ဂဇင်းတွင် အကောက်ခွန်နေ့ အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲဆုရဓာတ်ပုံများ၊ မြင်းမူမောင်နိုင်မိုး၊ နောင်၊ မောင်ပေမာ၊ ရွှေမြိတ်သောင်းတင်၊ ကို(တက္ကသိုလ်)၊မောင်ကြင်နွယ်၊ညွှန့်ဝေ(ကသာ)၊တင့်ထွန်း(ချောက်)၊ မင်းချမ်းမွန်၊ ဝင်းဝေနောင်၊ ဇာနည်၊ ဝေယံမြင့်(ဘိုကလေး)၊ ဦးဦးမြိုင် (ဘဏ္ဍာအခွန်)၊ မင်းခင်ဇော်၊ ဗေဒါမောင်မောင်၊ မောင်အုန်း၊ ဖျာပုံမောင်မောင်စန္ဒာ၊ ဖျာပုံတင်နိုင်ဝင်းတို့၏ ကဗျာများ၊ ရင်သွေးကဏ္ဍတွင် ဇော်ဂျီ၊ မင်းသုဝဏ်၊ နုယဉ်၊ မောင်ယဉ်မှူး၊ မြေလတ်မောင်မြင့်သူ၊ မင်းရွှေမင်း(အင်းစိန်)တို့၏ ကဗျာများနှင့် မောင်ခေတ်ထွန်း၏ ပုံပြင်၊ မောင်ခင်မင်(ဓနုဖြူ)၊ သုမောင်၊ ညွှန့်ဟံ(ကြျုတော)၊ကိုရိုး၊ ဒေါက်တာခင်မောင်ညို၊ အောင်လှိုင်(မန်းတက္ကသိုလ်)၊ မောင်ဆုရှင်၊ ရာဇ္ဇ၊ ဖေမြင့်၊ ချစ်စံဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ မောင်လှပေါ်(မန္တလေး)၊ မာန်(ဒသန)၊ ဦးစန်းလွင်(တရားရုံးချုပ်ရှေ့နေ)၊ ဆန်းစိန်(PCA)၊ ဓမ္မပိယဆရာတော်၊ အောင်ကျော်ဝင်း(PCA)၊ မောင်ပုဂ္ဂလိ၊ ခင်ညိုညို(ငွေစာရင်း)၊ ခင်နှင်းဝေ၊ မင်းသူခိုင်၊ လူတုတ်၊ မင်းကျော်မင်း၊ရွှေဖံနှင်းမွန်ဦး၊ မြင့်ဆွေ(၁၇)တို့၏ ဆောင်းပါးများ၊ အဏ္ဏဝါစိုးမိုး၊လမင်းအိမ်၊ ခင်စောတင့်၊ နန္ဒာမိုးကြယ်၊ချစ်ဦးညို၊ သန်လျင် မောင်မောင်ဦး၊လယ်တွင်းသားစောချစ်၊ချစ်ကိုကိုယု၊ အောင်သာမိုး၊နွမ်ဂျာသိုင်း၊ ဆောင်းဝင်းလတ်၊မောင်ဆန္ဒ(လယ်ဝေး)၊ ဟန်သာသူ၊ သန်းမြင့်အောင်တို့၏ ဝတ္ထုများ၊ တင်မိုးလွင်၏ မော်ဒယ်မိတ်ဆက်၊ မောင်မြင့်သန်း(အောင်လံ)၏ နိုင်ငံရပ်ခြားဟာသ၊ ငွေကြည်၊ မြဇာ၊သစ်ထွဏ်း၊ မောင်လင်း၊ တင်အောင်နီ၊ မြင့်စိုးလေး၊မောင်နန္ဒ၊ အောင်ဌေးမင်းတို့၏ ကာတွန်းများနှင့် အကောက်ခွန်ဆိုင်ရာ သိကောင်းစရာ မြန်မာ–အင်္ဂလိပ် ဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တန်ဖိုးငွေကျပ်၂၀၀၀ဖြင့် အမှတ် ၁၃၂ ကမ်းနားလမ်း ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၌ ဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဆံတော်ဓာတ်ရှင် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

"မာနိတံ နာဂဒေဝေဟိ ရာဇ ရာဇေဟိ ပူဇိတံ၊ သဇီဝ ဓာတုရာ ဌာနံ၊ ဝန္ဒေမကုဋ စေတီယံ" ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်အတွင်း ဆံတော် မွေတော် ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဆုံးတည်ထားခဲ့သည့် မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးသည် ဧရာဝတီတိုင်း ငပုတောမြို့နယ်၌ တည်ရှိသည်။

မြတ်မော်တင် စေတီတော်မြတ်ကြီးသည် ရှေ့က ပွင့်တော်မူပြီးသော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်တို့ တည်နေကိန်းဝပ်တော် မူကြောင်းကို ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ဖူး၍ သက်တော်ထင်ရှား ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်များ ကိန်းဝပ်တော်မူရာ စေတီတော်မြတ်ဖြစ်သည့်အပြင် ဂေါတမဘုရားရှင်ကိုယ်တော်တိုင် နှစ်ကြိမ် ကြွရောက်ခဲ့ဖူးရာ နေရာလည်းဖြစ်ကြောင်း သမိုင်းအထောက်အထား အခိုင်အမာရှိနေသဖြင့် မြတ်မော်တင် ဆံတော်ရှင်စေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံ၏ အဓိကရ ထင်ရှားသော သာသနာ့အောင်မြေ နေရာတစ်ခုလည်း ဖြစ်ပေသည်။ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲတော်ကို လာမည့် ဖေဖော်ဝါရီ၂၇ရက်မှ မတ် ၁၃ရက် (၁၃၆၇ခုနှစ် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့)အထိ ၁၅ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးဧည့်သည် ဓမ္မမိတ်ဆွေများ လာရောက်ဖူးမြော်သည့်အခါတွင် ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေးကိစ္စများ၌ အဆင်ပြေချောမွေ့စေရန် မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဦးစီးကော်မတီက ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ ရန်ကုန်မြို့မှ မြတ်မော်တင်ဘုရားသို့ တိုက်ရိုက်သွားလာနိုင်သကဲ့သို့ ပုသိမ်–မုံရွာ–ရေဦး ကားလမ်းမကြီးမှလည်း လာရောက်၍ စက်စဲ၊ မောင်းမကန်၊ ချောင်းသာ၊ငွေဆောင်၊ပေလီ၊လက်ခုပ်ကုန်းတို့ကဲ့သို့ မော်တင်ပင်လယ်ကမ်းခြေနှင့် ငွေတောင်ပင်လယ်ကမ်းခြေတို့တွင် အပန်းဖြေအနားယူနိုင်ကြသည်။ မြတ်မော်တင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ရုပ်ရှင်၊ ဗီဒီယို၊ ပျော်ပွဲရွှင်ပွဲများ၊ တင်မိုးဝင်း ဦးစီးသော ကျွန်တော့်သဘင်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



မြန်မာ့ကျေးလက်ရှုခင်းဓာတ်ပုံပြိုင်ပွဲ ပထမဆုရပုံ အညာကျေးလက်၏ ရှုခင်းကို ပီပီပြင်ပြင် ဖော်ကျူးထား

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ယခုနှစ် ဇန်နဝါရီ၂၆ ရက်ကကျရောက်ခဲ့သည့် အကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် အကောက်ခွန်ဦးစီးဌာနက မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ကူညီပံ့ပိုးမှုဖြင့်"မြန်မာ့ကျေးလက်ရှုခင်း"ခေါင်းစဉ်ဖြင့် ဆေးရောင်စုံဓာတ်ပုံပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ဓာတ်ပုံဆရာ၁၀၉ဦးတို့က ပုံပေါင်း၃၄၀ကို စိတ်ဝင်တစား ပေးပို့ယှဉ်ပြိုင်ခဲ့ကြပြီး အကဲဖြတ်ပညာရှင်များဖြစ်ကြသော ဦးမောင်မောင်သောင်း၊ ဦးသီဟသိန်းညွှန့်၊ ညောင်ဦးဖိုးချို၊ အကယ်ဒမီပန်းချီစိုးမိုးနှင့် အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဌေးတို့က အမှတ်ပေးစနစ်ဖြင့် စနစ်တကျ ရွေးချယ်စိစစ်ခဲ့ကြသည်။

ပထမဆု

ယင်းသို့ ရွေးချယ်ရာတွင် ပထမဆုကို ဘာမြူဒါသက်နိုင် (Photo Art-2)က ဆွတ်ခူးပြီး ဒုတိယဆုကို အောင်ပြည့်စုံက ရရှိကာ နန်းဝင်း(°Nice Digital Photo Group) မန္တလေးက တတိယရရှိခဲ့သည်။ နှစ်သိမ့်ဆုများကို ဦးအေးကို(မော်လမြိုင်)၊ ဦးကျော်(လယ်ဝေး)နှင့် စိန်ဝင်းထွေး(မန္တလေး)တို့က ရရှိခဲ့ကြသည်။

ဘာမြူဒါသက်နိုင်၏ ပထမဆုရဓာတ်ပုံ **(ဝဲပုံ)** သည် မြန်မာ့ကျေးလက်ရှုခင်းကို ဖော်ကျူးရာတွင် ခေါင်းစဉ်နှင့် ညီညွတ်သော ပုံကောင်းတစ်ပုံအဖြစ် အကဲဖြတ်အဖွဲ့က မှတ်ချက်ပြုထားသည်။ ဓာတ်ပုံပါ အမျိုးသား၊ အမျိုးသမီး နှစ်ဦး၏ ဝတ်ဆင်မှုနှင့် ထန်းရည်အိုးများသည် အညာကျေးလက်၏ရှုခင်းကို ပီပီပြင်ပြင်ဖော်ကျူးထားနိုင်သည်။ ဓာတ်ပုံအယူအဆ၊ အဖြတ်အတောက်၊ ဆေးသား၊ စိတ်ကူးစိတ်သန်း ကောင်းမွန်မှုတို့ကြောင့် ပထမဆုကြီးအဖြစ် မှတ်ကျောက်တင် ရွေးချယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ–ဂျပန်အမျိုးသမီးချစ်ကြည်ရေးဘော်လီဘောယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာ–ဂျပန် အမျိုးသမီးချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲ၃နာရီက ရန်ကုန်မြို့အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံဘောလုံးအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်နာယကများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်နှင့် အမှုဆောင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ–ဂျပန်အမျိုးသမီးချစ်ကြည်ရေး ပထမပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းနှင့် ဂျပန်နိုင်ငံ Hyogo အမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ**(အောက်ပုံ)** ဂျပန်အမျိုးသမီးအသင်းက မြန်မာအမျိုးသမီးအသင်းကို ၂၅–၁၃၊ ၂၅–၁၈၊ ၂၅–၂၂ သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်ကို ဖေဖော်ဝါရီ ၁၃ရက်၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံအနှံ့ စက်ဘီးစီးခရီးနှင်လျက်ရှိသော အဘဦးပြူး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မေ ၃၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့မှ အသက်(၆၈)နှစ်ရှိ အဘဦးပြူးသည် ပြည်နယ်နှင့်တိုင်းခုနစ်ခုသို့ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ စတင်ကာ တစ်ကိုယ်တော်စက်ဘီးစီး၍ ခရီးနှင်ခဲ့သည်။ (ယာပုံ)

ပြန်လည်ရောက်ရှိ

အဘ ဦးပြူး တစ်ကိုယ်တော် စက်ဘီးစီးနင်းခဲ့ရာ၌ ဧရာဝတီတိုင်း ၁၆ မြို့နယ်သို့ လည်းကောင်း၊ ပဲခူးတိုင်းအရှေ့ခြမ်းမြို့နယ် သုံးမြို့နယ်သို့လည်းကောင်း၊ မွန်ပြည်နယ် ကိုးမြို့နယ်သို့ လည်းကောင်း၊ ကရင်ပြည်နယ် လေးမြို့နယ်သို့ လည်းကောင်း ဖြတ်သန်းစီးနင်းသည်။ ရန်ကုန်တိုင်းသို့ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်က ပြန်လည် ရောက်ရှိခဲ့သည်။

ဖြတ်သန်းစီးနင်းသွားမည်

အဘဦးပြူးသည် ဖေဖော်ဝါရီ၁၈ ရက်တွင် ရန်ကုန်မြို့မှ စတင်၍ ပဲခူးတိုင်းအနောက်ခြမ်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့သို့ ဖြတ်သန်းစီးနင်းသွားမည်ဖြစ်သည်။

အဘဦးပြူးသည် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အထိ လေးကြိမ်မြောက် တစ်ကိုယ်တော် စက်ဘီးနင်းခဲ့ရာ မိုင်ပေါင်း ၁၀၀၀၀ ကျော်စီးနင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၅၉)နှစ်မြောက် ပြည်ထောင်စုအလံတော်ကို ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုအလံတော်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းဦးစီးသည့် အလံတော်သယ်ယူရေးအဖွဲ့က သဘာပတိအဖွဲ့ဝင်များ ခြံရံလျက် ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်လာစဉ်။ (သတင်းစဉ်)



(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

ငွေဖလား၌စိုက်ထူ

ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာသည့် ပြည်ထောင်စုအလံတော်အား ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်ထံမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအဖွဲ့က လက်ခံယူပြီး (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၏ ကိုယ်စားလှယ် ချင်းပြည်နယ်မှ ဦးဆန်ကျုံး၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းဝင်များ ခြံရံ၍ ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပမည့် ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မင်္ဂလာစည်တော်ရွမ်းကာ ပြည်ထောင်စုအလံတော်အား ကြိုဆိုကြပြီး နံနက် ၇နာရီခွဲတွင် ပြည်သူ့ရင်ပြင် အခမ်းအနားစင်မြင့်၏ နောက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှုအင်အားကို ဖော်ကျူးထားသော ပန်းချီကားချပ်ကြီး ရှေ့ရှိ စင်မြင့်ပေါ်မှ ငွေဖလား၌ စိုက်ထူလိုက်ပြီး (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိ အဖွဲ့ဝင်များက စင်မြင့်ပေါ်၌ နေရာယူကြသည်။

အဆိုပါ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဗဟိုရုံးအကြီးအကဲများ၊ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ တိုင်းနှင့်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာန ရုံးအဖွဲ့မှူးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ အခမ်းအနား ကျင်းပရေး လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင် ဌာနဆိုင်ရာ အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း ၁၆ ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှု တက္ကသိုလ်မှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်တွင်း ပြည်ပမှ သတင်းစာဆရာများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၁၈၈ဦးတို့က ပြည်သူ့ရင်ပြင်၌ တက်ရောက် နေရာယူထားကြသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာရေးနှင့် တောင်ပေါ်မြေပြန့် တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် အခမ်းအနား တက်ရောက်လာကြသည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုနေ့ကျင်းပရေး လုပ်ငန်းအဖွဲ့ဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ နေရာချထားပေးသည်။

တက်ရောက်

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၃၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်း အင်အား ၅၀၀၀၊ ရန်ကုန် တောင်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၅၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၁၀၀၀ စုစုပေါင်း အင်အား ၉၅၀၀ ကျော်တို့သည် ပြည်သူ့ရင်ပြင်ဂိတ်အသီးသီးမှ ဝင်ရောက်နေရာယူကြရာအခမ်းအနားသို့ ဖိတ်ကြားထားသူများနှင့် ပြည်သူလူထု စုစုပေါင်းအင်အား ၁၀၆၈၈ ကျော် တက်ရောက်ကြသည်။

ထို့နောက် နံနက် ၇နာရီခွဲတွင် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင် အခမ်းအနားကို စတင်ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား အစီအစဉ်များကို အခမ်းအနားမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်က ဖတ်ကြား ကြေညာသည်။

အလေးပြု

ရှေးဦးစွာ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအဖွဲ့ သဘာပတိ အဖွဲ့ဝင်များက နေရာယူကြသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ဖတ်ကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် အလံတော်သယ်ယူရေးအဖွဲ့သည် နံနက် ၇နာရီ ၄၅မိနစ်တွင် ပြည်သူ့ရင်ပြင် စင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်အား ပြန်လည်နုတ်ယူ၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များခြံရံ၍ ပြန်လည်သယ်ဆောင်ကာ ပြည်သူ့ရင်ပြင်ရှေ့ ပြည်လမ်းမပေါ်သို့ အရောက်တွင် အသင့်စောင့်ကြိုနေသော ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာစိုက်ထူရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများခြံရံ၍ သယ်ဆောင်ပြီး တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ ဆက်လက်သယ်ဆောင်ရန် ပြည်ထောင်စု လှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

သယ်ဆောင်

ထို့နောက် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်အား တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်သူ့ရင်ပြင်မှ တစ်နှစ်တာ ရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ ပြည်လမ်းမှ ဘုန်းကြီးလမ်း၊ ထိုမှ မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေဘုရားလမ်းကိုဖြတ်၍ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်ကြသည်။

ပြည်ထောင်စုလှေဖြင့် ပြည်ထောင်စုအလံတော် ဖြတ်သန်းသွားသည့် ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ် လမ်းတစ်လျှောက်၌ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သူနာပြုဆရာမများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူလူထုများက ပြည်ထောင်စု အလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ ပြည်ထောင်စုအလံတော် ဖြတ်သန်းသွားသည့် မြို့နယ်များ၌ "ပြည်ထောင်စု အလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏" စာတန်းပါ လမ်းဖြတ်နဖူးစည်းများဖြင့် လည်းကောင်း၊ လမ်းခရီးတစ်လျှောက် ဝဲ/ယာ တစ်ဖက်တစ်ချက်တို့၌ ပြည်ထောင်စုအလံများ၊ ရောင်စုံအလံများ လွှင့်ထူ၍ လည်းကောင်း၊ အစိုးရရုံးများ၊ ဈေးဆိုင်များ၊ လူနေအိမ်များ၌ ပြည်ထောင်စုအလံများ လွှင့်ထူ၍ လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။

ပြည်ထောင်စုအလံတော်သည် မြို့တော်ခန်းမရှေ့သို့ အရောက်တွင် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ပြည်ထောင်စု လှေပေါ်သို့ တက်ရောက်၍ ပြည်ထောင်စုအလံတော်အား နုတ်ယူသယ်ဆောင်လာပြီး အသင့်စောင့်ဆိုင်းနေသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်ထောင်စုအလံတော်အား တပ်မတော် (ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ ခြံရံ၍ သယ်ဆောင်သွားကာ နံနက် ၈နာရီ မိနစ် ၂၀တွင် တစ်နှစ်တာ ရပ်နားမည့် ရန်ကုန်မြို့တော်ဝန်၏ ဧည့်ခန်းမစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူပြီး ပြည်ထောင်စု အလံတော်အား အလေးပြုကြသည်။

ပြည်ထောင်စုအလံများလွှင့်ထူ

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အစိုးရရုံးအဆောက်အအုံများ၊ ပန်းခြံများ၊ လမ်းများ၊ တံတားများ၊ ဈေးများနှင့် ကျောင်းများ၌ ပြည်ထောင်စု အလံများ လွှင့်ထူထားကြသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ရက်က (၅၉)နှစ်မြောက် ပြည်ထောင်စုအလံတော် တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ဝန်၏ ညှော်ခန်းမစင်မြင့်ရှိ ငွေဖလား၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စိုက်ထူစဉ်။ (သတင်းကျောဖုံး) (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်မှ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအစီအစဉ်အရ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ကျင်းပရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး၊ အလံတော်သယ်ယူရေးနှင့် မြေစိုက်ပိုစတာများစိုက်ထူရေး ဆပ်ကော်မတီ အတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းသန်းနှင့် ဆပ်ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သူနာပြုဆရာမများ၊ ပြည်သူများ တက်ရောက်ကြပြီး ရှေးဦးစွာ ပြည်ထောင်စုနေ့အလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့် အတူ အလေးပြုကြရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ငွေဖလား၌စိုက်ထူ

ထို့နောက်နံနက်၆နာရီ၄၅မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူ၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလိုက်ပါကာ စလင်းအားကစားကွင်း မုခ်ဦးသို့ သယ်ဆောင်လာပြီး ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

ထိုကဲ့သို့ ပြည်ထောင်စုအလံတော်အား သယ်ဆောင်လာချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွှမ်း၍ လည်းကောင်း၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့တို့က ဘင်ခရာများ တီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကများ က၍ လည်းကောင်း ဂုဏ်ပြုကြသည်။

ဂုဏ်ပြုကြိုဆိုအလေးပြု

ဆက်လက်၍ ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ နာနတ်တောလမ်း၊ ယင်းမှ နာနတ်တော ရထားလမ်းကူးခုံးကျော်တံတားကို ဖြတ်သန်းကာ နာနတ်တောလမ်း၊ ပြည်လမ်း၊ ဟံသာဝတီအဝိုင်းမှ တစ်ဆင့် ပြည်လမ်းအတိုင်း ကြည့်မြင်တိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့မှ စက်ရုံ၊ အလုပ်ရုံနှင့် ရုံးဌာနများမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ပြည်ထောင်စု အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့ သတ်မှတ်နေရာသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၂ရက်က လှိုင်သာယာမြို့နယ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြို့နယ်အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင် ဖတ်ကြားစဉ်။ (၁၈၀)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ သူရဲကောင်းစစ်သည်ဗိမာန် သွားရောက်အလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၂

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေကြသော ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့သွားရောက်၍ ဂုဏ်ပြုပန်းခြင်းများချပြီး အလေးပြုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် စုပေါင်းလှူဒါန်းငွေကျပ် ၁၁၈၃၉၀ ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက လက်ခံကြပြီး ရွှေတိဂုံစေတီတော်ပုံတော်များအား ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြောကြား

ထိုမှတစ်ဆင့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် မဟာဝိဇယစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ရင်ပြင်၌ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းကျော်က စေတီတော်၏နောက်ခံသမိုင်းနှင့် စေတီတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များက မဟာဝိဇယစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် စုပေါင်းလှူဒါန်းငွေကျပ် ၁၀၆၆၅၀ ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထို့နောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များသည် စေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၇)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၇)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ နွေပေါက်ပြီ ယမန်နှစ်ကလောက် ပူပြင်းမည်မဟုတ်၊ စင်ကာပူ သင်္ဘောကျင်းတွင်အလုပ်အကိုင်ရရှိရန် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုက အခမဲ့ဝန်ဆောင်မှုပေးမည်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များအတွက် ကိုရီးယားကဒေါ်လာနှစ်သန်း အကုန်အကျခံမည် စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကမ္ဘာ့ပထမဆုံး မျက်နှာအစားထိုးလူနာ အများရှေ့မှောက်ပြသ၊ လက်ဖက်ရည်စွဲသူများ လက်ဖက်ဘီစကစ်စား၊ တရုတ်ဈေးကွက်ကို အိမ်ရှင်မများက အများဆုံး ဆုံးဖြတ်ပေးလာ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**



ဖေဖော်ဝါရီ ၁၂ရက်က ဗဟန်းမြို့နယ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင် ဖတ်ကြားစဉ်။ (မြန်မာ့အလင်း)

ဘိုကလေးမြို့ သီတဂူဓမ္မသဘင် တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့ရှိ ပေါ်တော်မူကုန်းမြေ သီတဂူ ဓမ္မဝိဟာရစာသင်တိုက်၌ ဖေဖော်ဝါရီ ၂၄ရက်တွင် သီတဂူဓမ္မသဘင်တရားပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈–၂–၂၀၀၆မှ ၁၆–၂–၂၀၀၆

အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။)

ဖေဖော်ဝါရီ ၁၂ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြို့နယ်ခန်းမရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင် ဖတ်ကြားစဉ်။ (၄၀၀)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံးက အတူတကွ လက်တွဲစောင့်ထိန်းကာကွယ်သွားကြပါစို့

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါရပ်တည်ခဲ့သည့်နိုင်ငံ ဖြစ်သည်။ ရှေးပဝေသဏီကပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် အမိမြေပေါ်တွင် ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာဖြင့် နေထိုင်လာခဲ့သော အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေပြု၍ အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

ယနေ့ကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းရှိ မြေသယံဇာတ၊ ရေသယံဇာတများကို အခြေခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါလည်း ဖြစ်သည်။



အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

ထိုသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများနှင့် လက်တွဲဆောင်ရွက်ခဲ့သဖြင့် ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ခဲ့မှုများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဘက်စုံထောင့်စုံမှ ဆောင်ရွက်ပေးခဲ့မှုကြောင့် ပြည်သူတို့၏ဘဝ တည်ငြိမ်အေးချမ်းမှု၊ အထူးသဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့သည့်အချိန်မှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကြောင့် တိုင်းရင်းသား လူမျိုးများအကြား ယုံကြည်မှု၊ စည်းလုံးညီညွတ်မှုများကို ပိုမိုဖြစ်ထွန်းစေခဲ့သည်။

ယခုအခါတွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကြား၊ တိုင်းရင်းသားပြည်သူအချင်းချင်းအကြား ပြည်တွင်းပြည်ပ အဖျက်သမားများက မီဒီယာများကို အဖျက်လက်နက်သဖွယ် အသုံးပြုကာ သွေးထိုးသပ်လျှို ရန်လိုလျက်ရှိရာ ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် ကြံ့ကြံ့ခိုင် ကာကွယ်တားဆီးရန်လည်း ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ တာဝန်ပင် ဖြစ်သည်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် သူ့ကျွန်ဘဝ ရောက်ခဲ့ရသည့် နှစ်ပေါင်း၁၀၀ ကျော် ကာလအတွင်း ကိုလိုနီနယ်ချဲ့တို့က တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ သံသယစိတ်ပွားများအောင်၊ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားအောင် ပြည်နယ် ပြည်မ သွေးခွဲအုပ်ချုပ်ကာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားညီအစ်ကိုများက တစုတစည်းတည်းရှိကြောင်း၊ ပြည်နယ်ပြည်မ ခွဲခြားမှုမရှိကြောင်း ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်နေ့၌ ပင်လုံစာချုပ်ချုပ်ဆိုပြီး လက်တွေ့ပြသခဲ့သဖြင့် ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်၌ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယနေ့ကာလ၌ နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ပေးလျက်ရှိရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့အနေဖြင့် မကြုံစဖူး ထူးထူးကဲကဲ စည်းလုံးညီညွတ်မှုရရှိနေသည့် အချိန်အခါလည်း ဖြစ်သည်။

မောင်ချစ်ကြည်

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ပြီး နိုင်ငံတော်ကို တည်ဆောက်လျက်ရှိရာ ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်း အစဉ်အမြဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးမှာ အမျိုးသားရေးတာဝန်ပင် ဖြစ်ပေသည်။

ထို့အတူ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်အတွက် တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်မှုဖြင့် တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရန်၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ဖွံ့ဖြိုးနေစေရန်လည်း ပြည်သူတစ်ရပ်လုံးက သမိုင်းပေးတာဝန်သဖွယ် ဦးလည်မသုန် ခိုင်ကျည်သော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်ပယ်ကဏ္ဍစုံတွင် စနစ်တကျ စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ ယင်းသို့ အကောင်အထည်ဖော်ရာ၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်အတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ လေယာဉ်ကွင်းများ၊ လျှပ်စစ်နှင့်စွမ်းအင်စီမံကိန်းများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးစီးပွားအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နယ်စပ်ဒေသများအပါအဝင် ဝေးလံခေါင်ဖျားဒေသများနှင့် ကျေးလက်ဒေသများ၌ အခြေခံပညာကျောင်းများ၊ ဆေးရုံနှင့်ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများအပါအဝင် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး အခြေခံလိုအပ်ချက်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့်အပြင် ပြည်နယ်နှင့်တိုင်း ၁၄ ခု၌ ဖြန့်ကြက်ထူထောင်ထားသော ဖွံ့ဖြိုးရေး အထူးဒေသကြီးများတွင်လည်း အထူးကုဆေးရုံများ၊ တက္ကသိုလ်ကောလိပ်များ၊ နည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်များကို တည်ဆောက်ပေးထားခြင်းမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအပေါ် ထားရှိသည့် နိုင်ငံတော်၏စေတနာများပင် ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာစေရေးကို ရှေးရှုပြီး နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးကို နိုင်ငံတော်က မူဝါဒတစ်ရပ်အဖြစ်ထားရှိပြီး စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိသည့်အတွက် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် မည်သည့်ခေတ် မည်သည့်ကာလများနှင့်မျှ မနှိုင်းယှဉ်သာအောင် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပေပြီ။

ထို့ကြောင့် ယနေ့အချိန်ကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားအပြည့်အဝဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲညီညီ ကြိုးပမ်းသွားရမည့် အချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာလည်း နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူရှိအတူ အေးအတူပူအမျှ ခင်မင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင် ဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်ဘက်အစွန်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ကျယ်ဝန်းသည်။ ရခိုင်၊ ဗမာ၊ ချင်း၊ မြို၊ သက်၊ ခမိ၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန် စသည့် တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၃၀၄၅၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၂၁၅ ဦး ဖြစ်သည်။

အကျယ်ပြန့်ဆုံးလွင်ပြင်

ပင်လယ်ကမ်းရိုးတန်းနှင့် ရိုးမတောင်တန်းကြားတွင် တည်ရှိသော ပြည်နယ်ဖြစ်သည်။ ပျမ်းမျှအမြင့်ပေ ၃၀၀၀ ရှိသော ရခိုင်ရိုးမသည် မြောက်ဘက်တွင်မြင့်ပြီး တောင်ပိုင်းသို့ နိမ့်ဆင်းသွားသည်။ နတ်မြစ်၊ မေယုမြစ်၊ ကစ္ဆပနဒီမြစ် စသည်တို့နှင့် မအီ၊ တန်းလွဲ၊ တောင်ကုတ်၊ သံတွဲ၊ ကျိန္တလီနှင့် ဂွချောင်းတို့သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းသည်။ စစ်တွေလွင်ပြင်သည် အကျယ်ပြန့်ဆုံးလွင်ပြင်ဖြစ်ပြီး ဖရုံကာ၊ ရမ်းဗြဲ၊ မာန်အောင် ကျွန်းများနှင့် ကျွန်းငယ်များရှိသည်။

ယင်းသို့ ရေမြေသဘာဝအခြေခံကောင်းမွန်သော ရခိုင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ အတူတကွစုပေါင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ လူနေမှုအဆင့်အတန်းတစ်ပြေးညီ မြင့်မားစေရန် နိုင်ငံတော်က မိသားစုစိတ်ဓာတ်ဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်

ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်ပြေးညီထား၍ လမ်းများ၊ တံတားများ၊ ဆည်တမံများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ စသည့် အခြေခံလိုအပ်ချက်များကို ခေတ်အဆက်ဆက်ကကျန်ရစ်ခဲ့သည့် ကွက်လပ်များနေရာတွင် ဖြည့်ဆည်းပေးနိုင်သဖြင့် ရခိုင်ပြည်နယ်သည် အခြားပြည်နယ်တိုင်းများနည်းတူ ဖွံ့ဖြိုးတိုးတက်လာသည်။

တိုင်းရင်းသားညီနောင်များ တက်ညီလက်ညီ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်မှုရရှိလာသော ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ၁၉၈၈ ခုနှစ် မတိုင်မီကာလနှင့် မျက်မှောက်ကာလဖွံ့ဖြိုးတိုးတက်မှုများပါရှိသည့် ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် တွေ့ရှိနိုင်ပေသည်။ ။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ရန်ကုန်-ကျောက်ဖြူလမ်းရှိ မအီချောင်းတံတားကို ဤသို့ တွေ့ရသည်။ (မအီချောင်းတံတားသည် အရှည်ပေ ၉၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိသည်။)

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတော်အနေဖြင့် စည်းလုံးညီညွတ် စုစည်းခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ ခိုင်မြဲနေစေရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ တန်းတူရည်တူရှိမှု၊ မျှတစွာဖွံ့ဖြိုးတိုးတက်မှု၊ အစဉ်ထာဝရပေါင်းစည်းလက်တွဲမှုတို့ကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန်လည်း စနစ်တကျ ဖော်ဆောင်ပေးလျက်ရှိသည်။

ယင်းသို့ ဖော်ဆောင်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးက တစ်စိတ်တစ်ဝမ်းတည်း ညီညီညွတ်ညွတ်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ရာ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုဖြင့် ရရှိခဲ့သောလွတ်လပ်ရေး ပြန်လည်မဆုံးရှုံးရန် ကာကွယ်ရေးတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၌ တာဝန်ရှိသကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေးအတွက်လည်း စောင့်ထိန်းရမည့် တာဝန်ရှိနေပေသည်။

ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲပြီး တိုးတက်ဖွံ့ဖြိုးနေစေရန်အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ဖြစ်ထွန်းနေစေရန် လိုအပ်ပေသည်။**ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာလည်း နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူ ရှိအတူ အေးအတူပူအမျှ ခင်မင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်သည်။**

ထို့အတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို ဖျက်လိုဖျက်ဆီး ပြုလုပ်နေသည့် ပြည်ပအန္တရာယ်များကိုလည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရမည် ဖြစ်ပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် နိုင်ငံတော်ကသတ်မှတ်ထားရာ လွတ်လပ်ရေးရရှိရန် သန္ဓေတည်ခဲ့သည့်နေ့ဖြစ်သည်နှင့်အညီ အထင်ကရ နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အတွက် အမျိုးသားရေးဦးတည်ချက်ငါးရပ် ချမှတ်ပေးခဲ့သည်။ ယင်းတို့မှာ-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

(၅) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

တို့ဖြစ်ပေသည်။

သို့ဖြစ်ပေရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့် အညီ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရန်နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် တို့အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စည်းလုံးခြင်းအင်အားကို ဖော်ညွှန်းပြီး သမိုင်းအစဉ်အလာကြီးမားသည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံးက အတူတကွ လက်တွဲစောင့်ထိန်းကာကွယ်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စည်းလုံးညီညာ ပြည်မြန်မာ

* ညီညာမှ ပြည်သာမည်---။
ဒို့ မြန်မာ ဆိုရိုးစကား
ထင်ရှားလှသည်။
အေးချမ်းလို့ ခေတ်မီ
ဒို့တိုင်းပြည် ဖွံ့ဖြိုးရေး။
ရိုင်းပင်းအား တည်ထောင်သွားဖို့
တိုင်းရင်းသား ညီနောင်များတို့
ကြိုးစားစို့လေး။
* စည်းလုံးခြင်းဆိုသည်မှာ----။
အဖျက်ရန် အစဉ်ပယ်ရှားနိုင်သည့်
အင်အား တစ်ရပ်ပါ။
နှစ်ကာလ ကြာရှည်စွာ
သည်မြေမှာ အတူနေကြ။
မရှိအတူ ရှိအတူနှင့်
အေးအတူ ပူအမျှပေပေါ့
အတူတကွ နေထိုင်လို့
ဒို့နိုင်ငံ ဒို့လူမျိုး
မြတ်နိုးချစ်ကြ။
* ဘေးပြောတာ မယုံကြနဲ့
သွေးပြောမှ ယုံကြည်ပါ။
အရေးကြုံ သွေးဆုံစည်းပါလို့
အရေးကြီး သွေးနီးမြဲ
တွဲလက် ခိုင်မာ။
အနာဂတ်ပြည်မြန်မာ
စည်သာဖို့အရေး။
ရိုင်းပင်းအား တည်ထောင်သွားဖို့
တိုင်းရင်းသား ညီနောင်များတို့
ကြိုးစားစို့လေး။ ။

စိုးမိုး-ပုသိမ်

ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
စိုက်ပျိုးမြေ (ဧက)	၈၉၅၄၀၀	၁၅၇၆၉၀၃	၆၈၁၅၀၃
ဆည်မြောင်း၊ တာတမံ	၂၆	၃၀	၄
မြစ်ရေတင်လုပ်ငန်း	-	၃	၃
မိုးစပါးစိုက် (ဧက)	၇၉၀၉၉၀	၁၁၀၀၆၃၂	၃၀၉၆၄၂
နွေစပါးစိုက် (ဧက)	-	၁၂၁၄၈	၁၂၁၄၈
ဆီထွက်သီးနှံစိုက် (ဧက)	၂၆၇၆၁	၉၇၈၆၃	၇၁၁၀၂
ပုစွန်မွေးရေပြင် (ဧက)	-	၁၅၅၅၃၃	၁၅၅၅၃၃
သစ်တောပြုစုပျိုးထောင်မှု			
ကြိုးဝိုင်းတော (စတုရန်းမိုင်)	၆၄၅	၈၁၇	၁၇၂
သဘာဝသစ်တောဧရိယာ (စတုရန်းမိုင်)	-	၆၇၈	၆၇၈
သစ်တောစိုက်ခင်း (ဧက)	၁၄၀၀	၅၈၇၀၅	၅၇၃၀၅
လမ်းပန်းဆက်သွယ်ရေး			
ကားလမ်း (မိုင်)	၄၄၈	၈၉၇	၄၄၉
ကတ္တရာလမ်း (မိုင်)	၁၆၃	၅၅၀	၃၈၇
ကျောက်လမ်း (မိုင်)	၁၃၅	၂၃၀	၉၅
ပေ ၁၈၀ အထက်တံတား	၁၁	၄၄	၃၃
ပေ ၁၈၀ အောက်တံတား	၁၄၂	၃၂၆	၁၈၄
လျှပ်စစ်စွမ်းအား			
ဓာတ်အားသုံးစွဲမှုယူနစ် (သန်း)	၄	၁၄	၁၀
ပညာရေး			
အခြေခံပညာအဆင့်			
မူလတန်းကျောင်း	၂၂၄၆	၂၄၇၂	၂၂၆
အလယ်တန်းကျောင်း	၁၀၉	၁၄၉	၄၀
အထက်တန်းကျောင်း	၃၆	၉၅	၅၉
ဆရာ/ဆရာမဦးရေ	၈၇၂၉	၁၂၄၉၇	၃၇၆၈
ကျောင်းသားဦးရေ	၂၄၄၃၅၇	၄၄၁၉၂၇	၁၉၇၅၇၀
အဆင့်မြင့်ပညာအဆင့်			
တက္ကသိုလ်	-	၁	၁
ကောလိပ်	-	၁	၁
အစိုးရကွန်ပျူတာကောလိပ်	-	၁	၁
အစိုးရနည်းပညာကောလိပ်	-	၁	၁
အစိုးရစက်မှုလက်မှုသိပ္ပံ	-	၁	၁
ကျန်းမာရေး			
ဆေးရုံ	၃၆	၄၃	၇
ကျန်းမာရေးဌာနများ	၁၁၈	၁၂၂	၄
တိုင်းရင်းဆေးရုံ	-	၁	၁
ဆက်သွယ်ရေး			
စာတိုက်စခန်း	၆၁	၈၁	၂၀
ကြေးနန်းရုံး	၁၉	၂၅	၆
တယ်လီဖုန်းရုံး	၁	၄၁	၄၀
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး			
ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	၁	၁၁	၁၀
ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်	-	၃၅၂၀	၃၅၂၀
ကိုယ်ပွားသတင်းစာတိုက်	-	၁	၁

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် ဦးလှတင်အားရည်စူး၍ အမှတ်(၃၆) လသာလမ်း ရန်ကုန် ဒေါ်သန်းမြင့်၊ ဦးထွန်းဝင်း-ဒေါ်မိုးမိုးတင်၏ သားမင်းသန်းကျော်တို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၂-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၇။	အတီးပြိုင်ပွဲ
၈း၁၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၉။	အရေးပြိုင်ပွဲ
၈း၂၅	၁၀။	ဒေသဖွံ့ဖြိုးတိုးတက်ဝေစည်ဒုဋ္ဌဝတီ
၈း၃၀	၁၁။	International News
၈း၄၅	၁၂။	Grammar made Easy

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၆း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆း၅၅	၅။	အကပဒေသာ
၁၇း၀၅	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၂၀	၇။	(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၃၀	၈။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၇း၄၀	၉။	တေးဂီတအစီအစဉ်
၁၇း၅၀	၁၀။	အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း-၁၆)
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၂၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၂၅	၁၃။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး"** (အပိုင်း-၆၃)
၁၈း၅၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လှေကားထစ်လေးများ"** (အပိုင်း-၃၈)
၁၉း၃၅	၁၅။	**"ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ"** (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၁၉း၄၅	၁၆။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၉)

ဆူးလေစေတီတော်ကြီး

ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်ရေးစီမံကိန်း

ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးအားရွှေစင်ရွှေပြား၊

မျက်ပါးရွှေသင်္ကန်းတော်များကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး၊

မျက်ပါးရွှေသင်္ကန်း ကပ်လှူရေးလုပ်ငန်း

ကုသိုလ်ယူလှူဒါန်းနိုင်ပါရန်

* ထီးတော်ကြီးရွှေသင်္ကန်းကပ်လှူရန် - ၁၈၅၀၀၀၀/-
* စေတီတော်ကြီးရွှေစင်ရွှေသား ၁ကျပ်သား ၉လက်မပတ်လည် တစ်ချပ်လျှင် - ၂၅၀၀၀၀/-
* အရံစေတီတော်ကြီးတစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်) - ၁၈၀၀၀၀၀/-
* အရံစေတီတော် အလတ်တစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်) - ၁၂၀၀၀၀၀/-
* အရံစေတီတော် အသေးတစ်ဆူ(ကိုယ်လုံးတော်နှင့် ထီးတော်) - ၇၅၀၀၀၀/-
* မျက်ပါးရွှေ(၂လက်မ၊ ၂လက်မ)တစ်ဆိုင်းလျှင် - ၁၅၀၀၀/-
* ၉လက်မ ပတ်လည်ကြေးပြားပေါ်တွင် မျက်ပါးရွှေသင်္ကန်းကပ်လှူရန် - ၅၀၀၀/-
* မျက်ပါးရွှေတစ်ရွက်ကပ်လှူလျှင် - ၁၅၀/-

စာအောင်သံဃာ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မဟာဂန္ထဝါစက ပဏ္ဍိတ၏ မွေးနေ့အလှူတော်နှင့် စာအောင်သံဃာပူဇော်ပွဲကို ဖေဖော်ဝါရီ၁၈ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ခေမာသီဝံကျောင်း မွေးနေ့တော် ဓမ္မပူဇာကော်မတီဥက္ကဋ္ဌ ဦးကြည်စိန်နှင့် ဦးဇော်ဌေး အတွင်းရေးမှူး ထူးကြီးအသင်း ဖုန်း-၂၀၀၃၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သုဝဏ္ဏ ကောက်လျင်လမ်း သီတဂူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) (Ph.D)၏ တရားပွဲကို (၁၃၆၇ခု တပို့တွဲလပြည့်ကျော် ၄ရက်) ဖေဖော်ဝါရီ၁၆ရက် (ကြာသပတေးနေ့)ညတွင် သုဝဏ္ဏမြို့ ၂၉ရပ်ကွက် ကောက်လျင်လမ်း သီတဂူဓမ္မပလ္လင်၌ ဟောကြားမည်ဖြစ်ရာ တရားတော်နာ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

မြေသာယာရွှေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်ကျက်သရေဆောင်ဆုတောင်းပြည့်အောင်မြေသာယာရွှေစေတီတော်မြတ်ကြီး၏ (၁၂)ကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၆နာရီက အောင်သိဒ္ဓိအာရုံခံတန်ဆောင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြနှင့် အဖွဲ့ဝင်များက ကြွရောက်လာကြသော ဆရာတော် သံဃာတော်များအား နဝကမ္မအလှူငွေများ လှူဒါန်းကြကာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

တပို့တွဲလပြည့်ကျော် ၁ရက် (ဖေဖော်ဝါရီ ၁၃ရက်) ညနေ ၃နာရီတွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၈၃ ကျောင်းတို့မှ ရဟန်း သာမဏေ သီလရှင် ၁၁၈ ပါးတို့အား စည်ကားသိုက်မြိုက်စွာ ဆွမ်းဆန်တော်စိမ်းများ လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

အမျိုးသားရေးအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

မြန်မာနိုင်ငံသည် စိုက်ပျိုးနိုင်သောမြေများအပြင် မြေလွတ်မြေလပ်များလည်း ပေါများသည့် နိုင်ငံဖြစ်သည်။ နိုင်ငံ၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈မိုင်ရှိပြီး သစ်တောဧရိယာသည် မြေဧရိယာ၏ ထက်ဝက်ကျော်၌ ဖုံးလွှမ်းလျက်ရှိသည်။

ကျန်ရှိသောမြေဧရိယာများအနက် စိုက်ပျိုးနိုင်သည့်မြေကေသည် ၄၅သန်းခန့်ရှိသည်။ တပ်မတော်အစိုးရလက်ထက်တွင် သီးနှံစိုက်ဧက တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် စိုက်ဧက ၄၃သန်းကျော် ဖြစ်ထွန်းလာသည်။ ထို့ကြောင့် စိုက်ပျိုးနိုင်သောမြေကေသည် နှစ်သန်းခန့်သာ ကျန်ရှိပေသည်။

စိုက်ကေများ အစွမ်းကုန်တိုးချဲ့

မြန်မာနိုင်ငံတွင် မြေလွတ်မြေလပ်ကေမှာ ၁၆သန်းခန့် ကျန်ရှိနေသေးသဖြင့် ကျန်ရှိသော စိုက်ပျိုးနိုင်သည့် မြေကေနှင့်ပေါင်းလျှင် စိုက်ပျိုးရမည့်မြေကေ ၁၈သန်းကျော်ရှိနေသေးသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် သီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်းတိုးရေး စိုက်ပျိုးရေးအပြင် မျက်မှောက်ကာလ၌ ဘက်စုံအသုံးဝင် ခြံစည်းရိုးကြက်ဆူပင်များကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတစ်ဝန်း စိုက်ဧက ခုနစ်သန်း သတ်မှတ်လျာထားသည်။ သို့ရာတွင် နိုင်ငံအကျိုးဖြစ်ထွန်းမှုကိုရှေးရှု၍ စိုက်ကေများအား အစွမ်းကုန် တိုးချဲ့စိုက်ပျိုးကြရန်ဖြစ်သည်။ အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် ခြံစည်းရိုးကြက်ဆူပင် စိုက်ဧကများကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးသွားကြရန် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ခရိုင် ၆၀ ရှိသည့်အနက် အပူပိုင်းဒေသရှိ ခရိုင်များတွင် ခြံစည်းရိုးကြက်ဆူပင်များကို ဧက တစ်သိန်းကျော်စီ စိုက်ပျိုးသွားမည်ဟု သိရသည်။

စနစ်တကျရွေးချယ်ပျိုးထောင်

ခြံစည်းရိုးကြက်ဆူပင်သည် စိုက်ပျိုးရန်လွယ်ကူသည်။ သိပ္ပံနည်းကျ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးသွားမည်ဆိုပါက နိုင်ငံတော်အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အစေ့ သို့မဟုတ် ကိုင်းဖြတ်စိုက်ပျိုးခြင်းဖြင့် လွယ်ကူစွာပေါက်ရောက်နိုင်သည်။ သမားရိုးကျစိုက်ပျိုးနည်း အမျိုးမျိုးရှိရာ အပင်ကြီးထွားနှုန်းကောင်းမွန်ရန်နှင့် အသီးအထွက်နှုန်း မြင့်မားရန်အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက သတ်မှတ်ထားသော စိုက်နည်းစနစ်အတိုင်း ရွေးချယ်ပျိုးထောင် စိုက်ပျိုးကြရမည်ဖြစ်သည်။

ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုး

အစေ့ဖြင့် မျိုးပွားစိုက်ပျိုးလျှင် တိုက်ရိုက်အစေ့ချ၍သော်လည်းကောင်း၊ ပျိုးထောင်၍သော်လည်းကောင်း စိုက်ပျိုးနိုင်သည်။ ကိုင်းထိုးမျိုးပွား စိုက်ပျိုးရာတွင် တိုက်ရိုက်ကိုင်းထိုး၍လည်းကောင်း၊ မျိုးကိုင်းများအား ပျိုးအိတ်အတွင်း ပျိုးထောင်၍လည်းကောင်း စိုက်ပျိုးနိုင်သည်။ ခြောက်ပေတန်းကြား စိုက်ပျိုးနည်းသည် အပင်သက်တမ်း ၁၃လမှ ၁၄လအတွင်း ပထမသီးနှံအထွက်နှုန်း အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ပုံမှန်အားဖြင့် ကိုင်းဖြတ်စိုက်လျှင် ခြောက်လ၊ အစေ့ဖြင့်စိုက်လျှင် ရှစ်လတွင် အသီး စတင်သီးသည်။ မည်သည့်နေရာဒေသမဆို စိုက်ပျိုးဖြစ်ထွန်းနိုင်သော ခြံစည်းရိုးကြက်ဆူပင်များကို အမျိုးသားရေးအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးသွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီအဖြစ် အစားထိုးလောင်စာအသုံးချမှု သရုပ်ပြကွက်များတွင် ကြက်ဆူပျိုးပင်များ၊ အပင်ပေါက်များကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ ဌာနဆိုင်ရာယာဉ်များ သွားလာသုံးစွဲခြင်းစစ်ဆေးနေမှုတို့ကို စစ်ဆေးကြပ်မတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲ ရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုတို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်သည်။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက နံနက်၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ကော်မတီဝင်များ ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေး အဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေသည်ကို စစ်ဆေးကြပ်မတ်စဉ်။
(သတင်းစဉ်)

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပုသိမ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ပုသိမ်အသင်းဝင် အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံပုဂ္ဂိုလ်များပူဇော်ပွဲ၊ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်သော ပုသိမ်အသင်းဝင်သားသမီးများ၏ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃ (စီ)ရှိ ဧရာဝတီတိုင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံပုဂ္ဂိုလ်များသည် အဆိုပါနေ့တွင် တက်ရောက်ကြရန်နှင့် မှတ်ပုံတင်မိတ္တူမှန်ကိုလည်းကောင်း၊ ဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား ကျောင်းသူများသည် အမှတ်စာရင်းထောက်ခံချက်ကို လည်းကောင်း ဖေဖော်ဝါရီ ၁၇ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပုသိမ်အသင်း(ရန်ကုန်)သို့ စာရင်းပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်လူ္ဘဒါန်းနိုင်

ပုသိမ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင်များ၊ သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ နှစ်စဉ် ပညာသင်ထောက်ပံ့ကြေးဆုရ ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးသန်းထွန်း ဖုန်း– ၀၉–၅၀၀၂၉၂၅၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း–၂၉၀၄၇၇၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း–၂၂၁၉၈၇၊ ပုသိမ်အသင်း (ရန်ကုန်) ဖုန်း–၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

ပြည်ထောင်စုနေ့ကိုဂုဏ်ပြု မိုးကုတ်မြို့၌ စံပယ်ဖြူကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ရှောလီဝိုင်းအုပ်စု၊ အောင်ချမ်းသာရပ်ကွက်၊ စံပယ်ဖြူလမ်း အရှည်ပေ ၉၀၀၊ အကျယ် ၁၂ပေအား မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ခွင့်ပြုရံပုံငွေ ၁၇သိန်း၊ သုံးသောင်းနှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ်၁၄သိန်း၊ စုစုပေါင်းငွေကျပ် ၃၁သိန်း သုံးသောင်းဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါစံပယ်ဖြူ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၄ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဟန်မြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀၀ခန့်တက်ရောက်ကြသည်။

လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးဆောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

Air Bagan မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ်ကို ရန်ကုန်ဂေါက်ကွင်း၌ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်မာ–ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd.က အဓိကကူညီပံ့ပိုးသော ၂၀၀၅–၂၀၀၆ ခုနှစ် Air Bagan မြန်မာ–ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ သတ္တမပွဲစဉ်ကို ဖေဖော်ဝါရီ ၁၄ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (ဒညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ခွဲခြားကျင်းပမည်

ပြိုင်ပွဲတွင် Professional Golfer အဆင့် ပြိုင်ပွဲနှင့် အပျော်တမ်းအဆင့် (အကျောပေး–သုညမှ၁၂)ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် ဖေဖော်ဝါရီ၁၂ရက် ညနေ၄နာရီ နောက်ဆုံးထား၍ Han Golf Masters Pro-Shop နှင့် ရန်ကုန်ဂေါက်ကွင်း(ဒညင်းကုန်း)ပြိုင်ပွဲရုံး ဖုန်း–၆၃၅၅၆၃၊ ၀၉၉၈၇၂၅၅၄ တို့သို့အမည်စာရင်းပေးသွင်းနိုင်သည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ဖြစ်ပြီး Official Bank အဖြစ် KBZ Bank Ltd.ဖြစ်၍ Co-Sponsorများအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Srixon၊Yangon Golf Club၊ Kachin Golfers Group၊ Jade Myanmar Co., Ltd.၊ Max Myanamr Co.,Ltd. နှင့် LONDONတို့က အသီးသီးပါဝင် ကူညီကြမည်ဖြစ်ကာ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

တက္ကသိုလ်အသီးသီးရှိ စိတ်ပညာအဓိကဘာသာရပ်နှင့် အသုံးချ စိတ်ပညာဘာသာရပ်များကို သင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ရန် အာစရိယပူဇော်ပွဲ အခမ်းအနားကို တက္ကသိုလ်များခန်းမ၌ ဖေဖော်ဝါရီ ၁၈ရက် နံနက်၉နာရီခွဲ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ တက္ကသိုလ်အသီးသီးရှိ စိတ်ပညာကျောင်းသားကျောင်းသူဟောင်းများပါဝင်ကန်တော့နိုင်ရန် နှိုးဆော်ထားသည်။ အလှူငွေများကို ရန်ကုန်အဝေးသင်တက္ကသိုလ် ဒေါ်ငွေငွေ ဖုန်း–၅၀၂၈၆၁ ရန်ကုန်တက္ကသိုလ်၊ ဦးအောင်သန်းဦး ဖုန်း–၅၃၇၃၇၅၊ ဦးဝင်းမြင့် ဖုန်း–၅၃၆၄၁၁ နှင့် ဦးတင်ကိုကို ဖုန်း–၂၄၈၀၉၁ တို့သို့ ဆက်သွယ်၍ ထည့်ဝင်နိုင်ကြပြီး ယင်းနေ့တွင် စိတ်ပညာမိသားစု နေရပ်လိပ်စာစာရင်းပုံစံသစ်ဖြည့်စွက်နိုင်ရန် လိုင်စင်ဓာတ်ပုံတစ်ပုံစီ ယူလာကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ ၆ ရက်က မြောက်ဥက္ကလာပမြို့နယ် အလက(၈)၌ မမျိုးသူသူထွန်း Grade IV-A ၏ (၁၀)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား ကြာဆံချက်၊ လက်ဖက်ရည်နှင့် မုန့်တို့ဖြင့် ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းညွန့်နှင့် ဆရာ ဆရာမများက ကြီးကြပ်ကျွေးမွေးကြစဉ်။ (က–ပ)

ခြံစည်းရိုးကြက်ဆူပင် ပျိုးကိုင်းပျိုးထောင်ပွဲနှင့် မျိုးစေ့ချပွဲများ မကွေးမြို့နယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ခြံစည်းရိုးကြက်ဆူပင် ပျိုးကိုင်းပျိုးထောင်ပွဲနှင့် မျိုးစေ့ချပွဲများ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်နံနက်က မကွေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာရုံးဝင်းအတွင်း၌ ကျင်းပရာ မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဥက္ကဋ္ဌသည် ဇီဝဒီဇယ်ဆီထုတ်လုပ်ရန် စုဆောင်းပျိုးထောင်ထားရှိသည့် ပျိုးကိုင်းနှင့် မျိုးစေ့များကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒုတိယမန်နေဂျာ ဦးကျော့မောင်က ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကြက်ဆူပင် ပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်းစိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများအား ပျိုးကိုင်းနှင့် မျိုးစေ့များ စိုက်ပျိုးပေးရန် ဝေငှပေးသည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် တိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြက်ဆူပင်ပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ပျိုးထောင်စိုက်ပျိုးပေးကြသည်။ အခမ်းအနားအပြီးတွင် တိုင်းဥက္ကဋ္ဌနှင့်အဖွဲ့သည် ကြက်ဆူဆီ(ဇီဝဒီဇယ်ဆီ)ဖြင့် လယ်ယာ–၁၆ထွန်စက်၊ 4 GL 120 A စပါးရိတ်စက် မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးသည်။

အလားတူ ခြံစည်းရိုးကြက်ဆူပင် ပျိုးကိုင်းပျိုးထောင်မှုနှင့် မျိုးစေ့ချပွဲများကို မကွေးတိုင်း မကွေးမြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၌ ကျင်းပရာ တိုင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကြည့်ရှုအားပေး၍ ပျိုးကိုင်းနှင့်မျိုးစေ့များကို ပျိုးအိတ်များအတွင်းစုပေါင်းထည့်သွင်းစိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဇန်နဝါရီ ၃၁ ရက်က မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ပိုင်းစေတီတော်မြတ်ကြီး၏ စေတီတော်သမိုင်းပြတိုက်နှင့် ဆုတောင်းပြည့် အောင်မြေတန်ဆောင်း ပြုပြင်ခြင်းလုပ်ငန်းအတွက် အမှတ်(၁၅) ၃ ရပ်ကွက်၊ သမိုင်းလမ်းဆုံ မရမ်းကုန်းမြို့နယ်နေ ဒေါ်ကျင်မွှေး မိသားစုက ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးကျော်ညွန့်ထံ အလှူငွေ ကျပ်တစ်သိန်း ငါးသောင်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကလေးငယ်များ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်၊ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မူကြိုကလေးငယ်များ ကာယဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၀ရက် မွန်းတည့်၁၂ နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည့်ရှုအားပေး၍ ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအလုပ်အမှုဆောင် ဒေါ်အေးအေးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကလေးငယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မူကြိုကလေးငယ်များ၏ ချစ်စရာ့အရွယ်ကစားကြမယ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်အေးအေး၊ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သဇင်နွယ်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များက ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲ၌ ပြိုင်ပွဲအလိုက် ဆုရရှိကြသည့်ကလေး ငယ်များ၊ တပ်ရင်း၊ တပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဝါးတရာသစ်အခြေခံ စက်မှုဇုန်ရှိသစ်စက်များ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ၁၀ရက်က ရန်ကုန်တိုင်းဝါးတရာသစ်အခြေခံ စက်မှုဇုန်ရှိ သစ်စက်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ထူးထရိတ်ဒင်းကုမ္ပဏီလီမိတက်က ဆောင်ရွက်နေသော သစ်အချောထည် စက်ရုံသို့ရောက်ရှိရာ ထူးထရိတ်ဒင်း ကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇက စက်ရုံမှ ထုတ်လုပ်ထားသည့် ဥရောပဈေးကွက်နှင့် ပရိဘောဂပြပွဲများသို့ တင်ပို့ရောင်းချမည့် တန်ဖိုးမြင့် ပရိဘောဂအချောထည်များကိုရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ပြည်ပတင်ပို့ရန် ထုတ်လုပ်နေသည့် သစ်ခွဲသားများနှင့် ပရိဘောဂပစ္စည်းများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၆) ပရိဘောဂစက်ရုံသို့ရောက်ရှိပြီး သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်နှင့် ပြည်ပတင်ပို့မည့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၂-၂၀၀၆
(တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အသိဉာဏ်ပေးစိတ်ငြိမ်အေး (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဟောကြားတော်မူသော ယဉ်ကျေးရင် အမြင်အေးပါတယ်) အပိုင်း-၂
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ချင်းရိုးရာဝတ်စားဆင်ယင်မှု
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	ညီညွတ်ရေးကရာတေးနှင့် အာခီကိုင်းချစ်ကြည်ရေး နှစ်(၅၀)မြောက်ရွှေရတုပွဲ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	အောင်မြေရွှေဘိုမြို့(အပိုင်း-၁)
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	မှတ်ပုံတင်ကစကြရအောင် (ထွန်းထွန်းဝင်း၊ ရတနာခင်)
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	Business Talk (ဦးမျိုးမြတ်သူ၊ ဦးစိုးမြင့် (FMI))
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	အနုပညာကြယ်ပွင့်များနှင့်တွေ့ဆုံခြင်း (ဆုန်သင်းပါရ်နှင့် တွေ့ဆုံခြင်း)
၁၀း၅၅	ဆက်သွယ်လုံခြုံနည်းအဖုံဖုံ
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	စောင့်ရှောက်ခြင်းသည် ဒို့တာဝန် စောင့်ရှောက်ခြင်းသည် မျှဝေမှု
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (VES မြန်မာ)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီ အထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	West Ham-Birmingham	5-Sports (Live)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဝါးတရာ စက်မှုဇုန်ရှိ ထူးထရိတ်ဒင်းကုမ္ပဏီလီမိတက် သစ်အခြေခံစက်ရုံမှ ထွက်ရှိသော ပရိဘောဂပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ပရိက္ခရာကုန်သည် ဦးမောင်ကြီး-ဒေါ်တင်တို့အား ရည်စူး၍ အမှတ် ၁၅၃ ပန်းထိမ်တန်းလမ်း ပြည်မြို့နေ သမီး-ဒေါ်ခင်ညွန့်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးလှသိန်း လက်ခံရယူစဉ်။ (က-ပ)

ပြည်ဂျိုတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၉ ရက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အီးဂဲ(လ်) ဂါးဒင်း စားသောက်ဆိုင်၌ ကျင်းပရာ ဆရာကြီး ဆရာမကြီးများအား တပည့်ကျောင်းသားကျောင်းသူများက ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

တရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် ဈ/၃၃၊ (၁၀) ရပ်ကွက် စနေပတ် သံဃာ့ဒါန ဆွမ်းလောင်း အသင်း၏ (၁၅)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲ တရားပွဲများကို ရတနာသီရိလမ်းနှင့် သာစည်လမ်းထောင့် ဓမ္မာရုံ၌ ဖေဖော်ဝါရီ၁၆ရက်မှ၂၂ရက်အထိညစဉ်၈နာရီတွင် ကျင်းပမည် ဖြစ်သည်။ ဖေဖော်ဝါရီ ၁၆ရက်တွင် ဦးဝိသုတ မုံရွာနယ်လှည့်ဓမ္မကထိက၊ ၁၇ ရက်၌ အရှင်နာဂဝံသ(ကော့မှူး) မိုးကုတ်ဝိပဿနာ၊ ၁၈ ရက်တွင် အရှင်ကဝိန္ဒ နယ်လှည့်ဓမ္မကထိက၊ ၁၉ရက်၌ အရှင်တိက္ခာစာရ မဟာသဒ္ဓမ္မဇောတိကဓဇ အောင်သိဒ္ဓိ ဆရာတော်(သမိုင်း)၊ ၂၀ရက်တွင် ဦးဝိလာသ ငါးဖယ် မိုးကုတ်ဝိပဿနာ၊ ၂၁ရက် ၂၂ရက်တွင်နိုင်ငံကျော်ဓမ္မကထိက ကြာနီကန်ဆရာတော် ဦးရေဝတတို့ကနိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့်ဟောပြောပွဲကို ဖေဖော်ဝါရီ၂ ရက်က အမှတ်(၅) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌဦးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အာဖရိကဖလားဘောလုံးဗိုလ်လုပွဲ
အီဂျစ်က အိုင်ဗရီကို့စ်အား ပယ်နယ်တီဖြင့် အနိုင်ယူဗိုလ်စွဲ

ကိုင်ရို ဖေဖော်ဝါရီ ၁၂

အာဖရိကဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ကိုင်ရိုအပြည်ပြည်ဆိုင်ရာ အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ရက်က အီဂျစ်နှင့်အိုင်ဗရီကို့စ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပွဲချိန်ပြည့်သည်အထိ ဂိုးမရှိသရေဖြစ်နေသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အီဂျစ်တို့ အနိုင်ရရှိကာ အာဖရိကဖလားကြီးကို ဆွတ်ခူးရရှိသွားပြီဖြစ်သည်။

ပထမဆုံး

အီဂျစ်တို့ အာဖရိကဖလားဘောလုံးပြိုင်ပွဲသမိုင်းတွင် ငါးကြိမ်မြောက် အာဖရိကဖလားကို ဆွတ်ခူးရရှိသည့် ပထမဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာဦးဆောင်သော အိုင်ဗရီကို့စ် တိုက်စစ်မှူးများဖြစ်သည့် အရောနာကိန်း၊ ကင်ဂါအကာလီတို့က အနိုင်ဂိုးများသွင်းယူနိုင်ရေးအတွက် ပွဲစသည်နှင့် အီဂျစ်ဘက်သို့ လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားရာ အီဂျစ်တို့ စုစုစည်းစည်းဟန့်တားပြီး ရှေ့တန်းတိုက်စစ်မှူးများထံ အဝေးပေးအမြင့်ဘောများ ထိုးဖောက်ကစားခဲ့သည်။

အီဂျစ်တိုက်စစ်မှူးများဖြစ်သည့် အမာဇာကီ၊ မိုဟာမက်အဘူဇရီရာကာ၊ အာမက်ဟက်ဆင်နှင့် အီမက်မိုတက်တို့က အိုင်ဗရီကို့စ် ခံစစ်ကြောင်းကို တွန်းတွန်းတိုက်တိုက် ထိုးဖောက်ကစားရာ ပွဲချိန်၃၇မိနစ်တွင် အီဂျစ်အသင်းကပ္ပတိန် အာမက်ဟက်ဆင်က အိုင်ဗရီကို့စ် ဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းမှုမှာ လွဲချော်သွားသဖြင့် ဂိုးရရှိရေး နစ်နာသွားခဲ့ရသည်။

အိုင်ဗရီကို့စ်အသင်းက အိမ်ရှင်အီဂျစ်အသင်းကို အဖွင့်ဂိုး ဦးစွာသွင်းယူနိုင်ရေးအတွက် တစ်သင်းလုံး အပေးအယူ အချိတ်အဆက်မိမိဖြင့် တိုက်စစ်ဆင်ကစားသော်လည်း တိုက်စစ်မှူးများ နားလည်မှုလွဲမှားနေခြင်းကြောင့်ထိရောက်သောတိုက်စစ်ဆင်မှု အားနည်းခဲ့ရသည်။ ပထမပိုင်းပွဲချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားသော်လည်း မည်သည့်အသင်းမျှ ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေဖြစ်နေခဲ့သည်။

ထိုးဖောက်ကစား

ဒုတိယပိုင်းတွင် အိုင်ဗရီကို့စ်အသင်းမှ အာကာလီအစား ကာလော၊ တောရီအစား ကိန်းတို့ဝင်ရောက်ကစားခဲ့ပြီး ကစားအားတင်ကာ မနားတမ်း ထိုးဖောက်ကစားရာပွဲချိန် ၇၇မိနစ်တွင် ဒရော့ဘာဘောလုံးဆွဲယူလာပြီး အီဂျစ်ဂိုးနှင့် ခြောက်ကိုက်အကွာမှ အပြင်းကန်သွင်းချက် လွဲချော်ခဲ့ပြန်သဖြင့် အိုင်ဗရီကို့စ်တို့ တစ်ဂိုးနစ်နာခဲ့ရသည်။

အီဂျစ်တို့ တိုက်စစ်အရှိန်ကို မြှင့်တင်ပြီး ဖိကစားခဲ့ရာ ပွဲချိန်၈၄မိနစ်တွင် အီဂျစ်နောက်ခံလူ ရိမာအဝေးမှ အပြင်းကန်သွင်းချက်လည်း ဂိုးဘားပေါ်ကပ်ပြီး လွဲချော်သွားခဲ့သည်။ ထို့နောက် ရိမာအစား အာမက်ဖာသီဝင်ရောက်ကစားပြီး အိုင်ဗရီကို့စ် တိုက်စစ်မှူးများဖြစ်သည့် ဒရော့ဘာနှင့်ကိန်းတို့ကိုဟန့်တားစေခဲ့သည်။

ပွဲချိန် ၈၇မိနစ်တွင် အီဂျစ်တိုက်စစ်မှူး အမာဇာကီက အိုင်ဗရီကို့စ် နောက်ခံလူများအကြား မမျှော်လင့်ဘဲ ကန်သွင်းချက်လည်း လွဲချော်သွားခဲ့သဖြင့် တစ်ဂိုးနစ်နာခဲ့ရပြန်သည်။ ပွဲချိန်မိနစ် ၉၀ပြည့်ခါနီးတွင် ဒရော့ဘာ လွတ်လွတ်ကျွတ်ကျွတ် ဘောလုံးရရှိလာမှုကို အီဂျစ်နောက်တန်း ခံစစ်မှူးများက ဟန့်တားနိုင်ခဲ့၍သာ အီဂျစ်တို့ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။

ငါးကြိမ်မြောက်

ထို့နောက် ပွဲချိန်မိနစ် ၉၀ပြည့်သည်အထိ ဂိုးမရှိသရေဖြစ်နေပြီး အချိန်ပိုကစားရာတွင်လည်း သရေပွဲဖြစ်နေရာမှ ပယ်နယ်တီကန်သွင်းကာ အဆုံးအဖြတ် ယူခဲ့ရသည်။ ပယ်နယ်တီ အပြိုင်ကန်သွင်းရာတွင် အီဂျစ်တို့က လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိကာ အာဖရိကဖလားကို ငါးကြိမ်မြောက်ဆွတ်ခူး ရရှိခဲ့ခြင်း ဖြစ်သည်။

အီဂျစ်သည် အာဖရိက ဖလားကို ၁၉၅၇၊ ၁၉၅၉ ၊ ၁၉၈၆နှင့် ၁၉၉၈ ခုနှစ်များကလည်း ရရှိခဲ့ရာ ယခု၂၀၀၆ ခုနှစ်၌လည်း ထပ်မံဆွတ်ခူးနိုင်ခဲ့သဖြင့် ငါးကြိမ်မြောက်ဖလားဆွတ်ခူးနိုင်သည့် ပထမဆုံးနိုင်ငံဖြစ်လာသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှားအားကစား
ချယ်လ်ဆီးတို့မစ်ဒယ်ဘရော့ကိုအရှုံးကြီးရှုံးနိမ့် မန်ယူတို့နိုင်ပွဲရပြီးချယ်လ်ဆီးကို ဖိအားပေး

လန်ဒန် ဖေဖော်ဝါရီ ၁၂

ပရီမီယာလိဂ်ပွဲစဉ်(၂၆)ကို ဖေဖော်ဝါရီ၁၁ရက် စနေနေ့က ဆက်လက်ကစားရာ ပရီမီယာလိဂ်ပွဲစဉ်များ၏ သမားရိုးကျ ပွဲရလဒ်များထွက်ပေါ်မလာဘဲ ထိပ်ဆုံးမှနာမည်ကြီး ချယ်လ်ဆီးတို့ မစ်ဒယ်ဘရော့ကို သုံးဂိုးပြတ်အရှုံးကြီး ရှုံးပြီး အာဆင်နယ်တို့ ဘော်တန်နှင့်သရေပွဲဖြစ်ကာ မန်ယူနှင့်လီဗာပူးတို့ အနိုင်ရရှိခဲ့သဖြင့် ပရီမီယာလိဂ်သည် စိတ်ဝင်စားဖွယ်ဖြစ်လာပြန်သည်။

မစ်ဒယ်ဘရော့နှင့်ချယ်လ်ဆီး

အိမ်ကွင်းရေဗားဆိုက်၌ ခြေစွမ်းပြကာ ပွဲချိန် နှစ်မိနစ်အတွင်းမှာပင် မစ်ဒယ်ဘရော့ တိုက်စစ်မှူး ရိုချင်ဘတ်က ချယ်လ်ဆီးဂိုးဧရိယာအတွင်း ၁၂ ကိုက်အကွာမှ ဘယ်ခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့ဖြင့် အဖွင့်ဂိုး စောစီးစွာ ရရှိသွားခဲ့သည်။

အိမ်ကွင်းကစားရသော မစ်ဒယ်ဘရော့ကို အနိုင်ယူရန် ချယ်လ်ဆီးတို့ အမာခံလူများကိုထုတ်သုံးပြီး ၃–၅–၂ ပုံစံဖြင့် အထိုင်ချကာ ကစားစေခဲ့သော်လည်း မစ်ဒယ်ဘရော့တိုက်စစ်မှူး ရိုချင်ဘတ်နှင့် ယာကူဘူတို့က ခြေစွမ်းပြနိုင်မှုကြောင့် ချယ်လ်ဆီးနောက်ခံလူများ ကြိုးစားဟန့်တားခဲ့ရသည်။ မစ်ဒယ်ဘရော့မှ ဒေါင်းနင်း၊ ရိုချင်ဘတ်၊ ဒိုရီဗာ၊ ရိုက်ဇီဂါနှင့် ဂျိန်းမာရစ်ဆင်တို့က ဖြတ်တင်ဘောများပေးပို့မှု၊ တိုက်စစ်ကိုထိရောက်သော ဖြည့်ဆည်းမှုများပြုလုပ်နိုင်ခဲ့မှုကြောင့် ပွဲချိန် ၄၅မိနစ်တွင် မစ်ဒယ်ဘရော့မှ စတီဝပ်ဒေါင်းနင်းက ချယ်လ်ဆီး ပယ်နယ်တီဧရိယာအတွင်းမှ ညာခြေဖြင့် အနီးကပ်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။

ချေပဂိုးရရှိရေး ချယ်လ်ဆီးတို့ အပြင်းအထန် တိုက်စစ်ဆင်ကစားရာ လမ်းပတ်၏ ကန်သွင်းချက်လွဲချော်မှု၊ ခရက်စပို၏ ဆန္ဒစောမှု၊ ရော်ဘင်၏ ဂိုးသွင်းမှုများ ဘေးထွက်ခြင်းကြောင့် ချယ်လ်ဆီးတို့ ချေပဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

တတိယဂိုး

မစ်ဒယ်ဘရော့တို့ ချယ်လ်ဆီးကို နားလည်ပါးနပ်စွာကစားခဲ့သည့်အပြင် အဝင်အထွက် ရဲရဲဖြင့် ထိုးဖောက်ကစားမှုကြောင့် ပွဲချိန် ၆၈မိနစ်တွင် မစ်ဒယ်ဘရော့ တိုက်စစ်မှူး ယာကူဘူက ချယ်လ်ဆီး ဂိုးဧရိယာအတွင်းမှ အနီးကပ်ညာခြေဖြင့် အပိုင်ကန်သွင်းခဲ့၍ တတိယဂိုး ရရှိခဲ့ပြန်သည်။

ချယ်လ်ဆီးတို့ မမျှော်လင့်ဘဲ သုံးဂိုး အသွင်းခံခဲ့ရသဖြင့် ချေပဂိုး ရလိုမှုဖြင့် အတင်းဝင်၊ အတင်းထွက် ကစားခဲ့မှုကြောင့် ဂျွန်တယ်ရီ၊ ဂတ်ဂျွန်ဆင်၊ ကာဗယ်ဟိုတို့ အဝါကတ်ပြ သတိပေးခံခဲ့ရသည်။

ချယ်လ်ဆီးတို့ ပွဲချိန်ပြည့်သည်



ပရီမီယာလိဂ် ပွဲစဉ်အဖြစ် ဝီဂန်နှင့်လီဗာပူးတို့ပွဲတွင်လီဗာပူးမှ ဟာစ်ပီယာ (ယာ) **ထိုးဖောက်ကစားစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

အထိ ချေပဂိုး တစ်ဂိုးပင်ပြန်မသွင်းနိုင်ဘဲ အရှုံးကြီး ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ချယ်လ်ဆီးသည် ယခုနှစ်ဘောလုံးရာသီ၌ မန်ယူကို တစ်ဂိုး–ဂိုးမရှိနှင့် ယခု မစ်ဒယ်ဘရော့ကို သုံးဂိုးပြတ် ရှုံးခြင်းမှာ အဆိုးရွားဆုံး ရလဒ်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။

ပို့စ်မောက်နှင့်မန်ယူ

ချယ်လ်ဆီးကို ဖိအားပေးရန်နှင့် ဒုတိယနေရာ တည်မြဲနေစေရန် ကြိုးစားနေသော မန်ယူတို့ ပို့စ်မောက်ကွင်း ဖရက်တန်ပတ်ခ်၌ နိုင်ပွဲရရှိသဖြင့် ပိုမိုစိတ်ဓာတ် တက်ကြွခဲ့ပြီ ဖြစ်သည်။ နစ္စတယ်ရွိုင်း၊ ရွှန်နေ၊ ပတ်ဂျီဆန်နှင့် စီရိုနယ်လ်ဒိုတို့ ပို့စ်မောက်နောက်တန်းကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့ရာ ပွဲချိန်၁၈မိနစ်မှာပင် နစ္စတယ်ရွိုင်းက ညာခြေဖြင့်အနီးကပ် ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

ပို့စ်မောက်တိုက်စစ်မှူးများဖြစ်သည့် လွာလွာ၊ ပီဒရိုမင်ဒက်စ်၊ ဒေးဗစ်နှင့် ဘန်ဂျာနီတို့ မန်ယူ နောက်တန်းကို ထိုးဖောက်နိုင်သော်လည်း ဂိုးသွင်းမှု လွဲချော်နေသဖြင့် ချေပဂိုးမရဘဲဖြစ်နေရာမှ ပွဲချိန်၃၈မိနစ်တွင် မန်ယူတောင်ပံ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ဝဲဘက်ခြမ်းမှ ဘောလုံးဆွဲယူလာပြီး ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုး စတင်ရရှိခဲ့ပြန်သည်။

မန်ယူတို့ အပေးအယူမှန်မှန်ဖြင့် ပို့စ်မောက် ကစားကွက်ကိုဖြတ်တောက်ပြီး တိုက်စစ်ဆင် ကစားနိုင်ခဲ့မှုကြောင့် ပထမပိုင်းပြီးခါနီး၄၅မိနစ်တွင်စီရိုနယ်လ်ဒိုကပင်ပို့စ်မောက် ဂိုးနှင့် ၁၂ကိုက်အကွာမှ ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ တတိယဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ပို့စ်မောက်၏တစ်လုံးတည်းသော ချေပဂိုးကို ဒုတိယပိုင်း ၈၇မိနစ်တွင် ပို့စ်မောက်မှ မက်သရူးတေလာက မန်ယူပယ်နယ်တီဧရိယာ ဝဲဘက်ခြမ်းမှ ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။

မန်ယူတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ထိပ်ဆုံးမှ ရှုံးပွဲကြုံလိုက်ရသည့်ချယ်လ်ဆီးနှင့် ၁၂မှတ်ကွာလျက်ရှိနေသည်။

ပရီမီယာလိဂ်ပွဲစဉ်(၂၆)အဖြစ် မစ်ဒယ်ဘရော့နှင့်ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီး တောင်ပံ ကစားသမား ရော်ဘင်(ယာ)**၏ ထိုးဖောက်မှုကို မစ်ဒယ်ဘရော့မှ ဒိုရီဗာ ဟန့်တားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ဝီဂန်နှင့်လီဗာပူး

ဝီဂန်တို့အိမ်ကွင်း၌ လီဗာပူးကို ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း မိနစ်၃၀တွင် လီဗာပူးနောက်ခံလူ ဟာစ်ပီယာက ဝီဂန်ဂိုးနှင့် ၁၂ကိုက်အကွာမှ ဘယ်ခြေဖြင့် ကန်သွင်းယူနိုင်ခဲ့ပြီး ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ လီဗာပူးတို့ ခံစစ်ကို လုံအောင်ကစားနိုင်ခဲ့ခြင်းကြောင့် ဝီဂန်တို့ လီဗာပူးနောက်တန်းကို ထိထိမိမိ ထိုးဖောက်ဂိုးမသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဝီဂန်တို့ ချေပဂိုးသွင်းယူနိုင်ရေး ကစားအားတင်ကစားခဲ့မှုကြောင့် ဒေးဗစ်သွန်မဆင်နှင့် ဟန်ချော့ဇ်တို့အဝါကတ်ပြခံရမှုမှလွဲပြီး ပွဲချိန်ပြည့်သည်အထိ ချေပဂိုး မသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ လီဗာပူးတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ဒုတိယနေရာမှ မန်ယူနှင့် တစ်ပွဲလျော့ ခြောက်မှတ်ကွာနေပြီး ထိပ်ဆုံးမှ ချယ်လ်ဆီးနှင့် ၁၈ မှတ်ကွာလျက်ရှိသည်။

အခြားပွဲရလဒ်များ

အာဆင်နယ်	**၁–၁**	**ဘော်လ်တန်**
ဖူဟမ်	**၆–၁**	**ဝက်စ်ဟမ်း**
အက်စတွန်ဗီလာ	**၁–၂**	**နယူးကာဆယ်**
အဲဗာတန်	**၁–၀**	**ဘလက်ဘန်း။**

(အင်တာနက်)

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံ ပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ သို့လိပ်မူပြီး ပေးပို့နိုင်ပါသည်။

မအူပင်မြို့မှ ပန်းတာပြုပြင်ပေးသင့်

စာတည်းရှင့်–

ဧရာဝတီတိုင်း မအူပင်မြို့ အမှတ်(၁)ရပ်ကွက် ရွှေမာလာကမ်းနားလမ်းရှိ အောင်သရဖူ သစ်စက်အနောက်ဘက်တွင် မြစ်ရေတိုက်စားမှု ကာကွယ်ရန် ကိုက်နှစ်ရာ ကျော်ခန့်အရှည်ရှိ ပန်းတာပြုလုပ်ထားပါသည်။ ၂၀၀၄ခုနှစ်က ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် အထက်တက်ခဲ့သောကြောင့် ၂၀၀၅ခုနှစ်တွင် တာတမံများ ဆင့်ခြင်း ချဲ့ခြင်းများပြုလုပ်ခဲ့သော်လည်း အဆိုပါ ပန်းတာမှာ ဖြက်ခုနစ်ပေခန့်သာရှိပြီး ချဲ့ခြင်းဆင့်ခြင်းမရှိသောကြောင့် မြစ်ရေကြီးချိန်၌ အန္တရာယ်ဖြစ်မည်ကို စိုးရိမ်နေရပါသည်။ ထို့ကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို စိစစ်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်စိုးရိမ်သူ

သဃ်န်းကျွန်း ကျိုက္ကဆံဘုရားလမ်း ယာဉ်အန္တရာယ်ကင်းရှင်းရေး

စာတည်းခင်ဗျား–

ကျွန်တော်တို့ သဃ်န်းကျွန်းမြို့နယ် ဆ/ကရပ်ကွက် ကျိုက္ကဆံဘုရားလမ်းတွင် အမှတ်(၄၇)ယာဉ်လိုင်းနှင့် အမှတ်(၈၀)ယာဉ်လိုင်းများ ပြေးဆွဲပြီး စက်ဘီး၊ ဆိုက်ကားစသည့် အနေးယာဉ်များနှင့် လူအသွားအလာများသော လမ်းဖြစ်ပါသည်။ အဆိုပါ ကျိုက္ကဆံဘုရားလမ်းအနီးတွင် ကျူးကျော်ဈေးသည်များကြောင့် ခရီးသွားပြည်သူများသည် ဆိုက်ကား၊ စက်ဘီးများကို ရှောင်ရှားသွားလာနေရပါသဖြင့် ယာဉ်အန္တရာယ် စိုးရိမ်ရပါသည်။

သို့ပါ၍ အဆိုပါ လမ်းဘေး ဈေးသည်များနှင့် အနေးယာဉ်များကို လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(ဆ/က)ရပ်ကွက်သား

မြဝတီရုပ်သံကျန်းမာသုတအစီအစဉ် သတင်းစာများတွင် ဖော်ပြပေးပါ

စာတည်းခင်ဗျား–

မြဝတီရုပ်မြင်သံကြားက အပတ်စဉ် အင်္ဂါနေ့ည ၈နာရီသတင်းများ အပြီးနှင့် စနေနေ့၊တနင်္ဂနွေနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ထုတ်လွှင့်ပေးလျက်ရှိသော ကျန်းမာသုတ အစီအစဉ်မှာ ပြည်သူများအတွက် များစွာအကျိုးရှိလှပါသည်။

သို့ပါ၍ ယင်းအစီအစဉ်မှ အမေးအဖြေများကို သတင်းစာများတွင် ထည့်သွင်း ဖော်ပြပေးပါရန် အကြံပြုတင်ပြအပ်ပါသည်။

မောင်ကျန်းမာ

တာမွေ(၁၆၇)လမ်း သန့်ရှင်းသာယာစေလို

စာတည်းခင်ဗျား–

ကျွန်တော်များ တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် (၁၆၇) လမ်းတွင် ပုံ့ကျဈေးသည်များသည် နံနက် ၆နာရီမှ ၁၁နာရီအထိ သားငါးနှင့် ဟင်းသီး ဟင်းရွက်များကို လမ်းများ၊ ခြံပေါက်ဝများပိတ်ဆို့၍ ရောင်းချနေပါသည်။ ယာဉ်အသွားအလာ အခက်အခဲဖြစ်သည့်အပြင် ယာဉ်အန္တရာယ်များလည်း ရှိနေပါသည်။ ထို့ပြင် သားငါး အညစ်အကြေးများနှင့် အမှိုက်များကို ၎င်းနေရာ၌ပင် စွန့်ပစ်ခဲ့ရာ အနံ့ဆိုးများကြောင့် လမ်းသူလမ်းသားများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ဆူးကလပ်ကျေးရွာမှ ရေတံကင် အများပြည်သူသုံးစွဲနိုင်ရေး ဆောင်ရွက်ပြီး

၆–၂–၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **'ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာမှ ရေတံကင် အများပြည်သူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးပါ'** ခေါင်းစဉ်ပါပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပေးပြီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုး/မွေးမြူရေးခြံအမှတ်(၁) ခြံစည်းရိုးကြက်ဆူပင် ၁၅၀၀၀၀ ပျိုးထောင်၊ ရှင်သန်အောင်မြင်မှုရှင်းလင်း

မန္တလေး ဖေဖော်ဝါရီ ၅

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီခွဲက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)သို့ သွားရောက်၍ ခြံအတွင်း၌ ခြံစည်းရိုးကြက်ဆူပင် ၁၅၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ဝဲပုံ)**

စစ်ဆေးဆောင်ရွက်

ထို့နောက် မြို့တော်ဝန်အား စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးခင်မောင်ဆွေနှင့်ခြံတာဝန်ခံတို့က ခြံစည်းရိုးကြက်ဆူရိုင်းများပြုစုပျိုးထောင်မှု၊ ရှင်သန်အောင်မြင်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူးနှင့်ခြံတာဝန်ခံတို့အား အပင်ပေါက်များရှင်သန်ရေးအတွက် နေ့စဉ် စစ်ဆေးဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မန္တလေးတောင်တော်ဝန်းကျင် ကျောက်တော်ကြီးဘုရား၊ စန္ဒာမုနိဘုရားနှင့် ကုသိုလ်တော်ဘုရားတို့၌ ဖွင့်လှစ်ရောင်းချနေသော စားသောက်ဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မန္တလေးတောင်တော် ဂေါပကအဖွဲ့၊ ကျောက်တော်ကြီး၊ ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားဂေါပကအဖွဲ့၊ မန္တလေးတောင်တော် သာသနာ့နယ်မြေဈေးအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ မြို့တော်ဝန်က နိဂုံးချုပ်ဆွေးနွေးမှာကြားကြောင်းသိရသည်။

(၃၁၃)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်ငြိမ်း ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်ကို ဇန်နဝါရီ ၂၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်အောင်တို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြဝတီမြို့ ပြည်ခိုင်ဖြိုးလမ်း ကတ္တရာလမ်းသစ်ဖွင့်

မြဝတီ ဖေဖော်ဝါရီ ၇

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အမှတ်(၄)ရပ်ကွက် ပြည်ခိုင်ဖြိုးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်ဦး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှိုင်တိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အကုန်အကျခံ

အဆိုပါလမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှငွေကျပ် ၆၉၂၀၀၀၀ ဖြင့် အကုန်အကျခံ၍ အလျားပေ ၁၇၉၀၊ အကျယ် ၁၂ ပေကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ် စည်ပင်)**

ကတ္တရာခင်း

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန် ဇန်နဝါရီ ၁၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဘားအံမြို့ အမှတ်(၆)ရပ်ကွက်ရှိ မြို့ပတ်လမ်း ကမ္ဘာ့ရန်အေးစေတီလမ်း ကတ္တရာလမ်းခင်းခြင်းကို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရွှေတောစုပေါင်းရုံးခန်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရွှေတော ဇန်နဝါရီ ၂၅

ရွှေတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးဦးတို့ ကြီးကြပ်၍ ဒီဇင်ဘာ ၂၃ ရက်က စုပေါင်းရုံးခန်းမ ပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ကြကြောင်းသိရသည်။

(နယ်စပ်/စည်ပင်)

ထားဝယ်၌ စံပြစိုက်ကွက် နှမ်းစပါးစုပေါင်းရိတ်သိမ်း

ထားဝယ် ဖေဖော်ဝါရီ ၄

ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုသည် ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီက ထားဝယ်မြို့နယ် ဇလွန်းကျေးရွာ ကွင်းအမှတ် ၁၁၁ ဦးပိုင်အမှတ်(၃)တွင်ထားဝယ်ခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ စံပြစိုက်ကွက်တွင်ပြုလုပ်သော နှမ်းစပါးစုပေါင်းရိတ်သိမ်းပွဲသို့ တက်ရောက်အားပေးသည်။

အဆိုပါ ရိတ်သိမ်းပွဲတွင် ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များနှင့်မြို့များမှ စိုက်/ကြပ်အဖွဲ့များ တက်ရောက်ပြီး စပါးတစ်နှစ်လျှင် သုံးသီးစိုက်ပျိုးမည့် အခြေအနေကို လေ့လာကြည့်ရှုကြသည်။

ထို့နောက် တောင်သူများက အဆိုပါသုံးဧကရှိ နှမ်းစပါးခင်းကို စုပေါင်းရိတ်သိမ်းကြရာ တစ်ဧကလျှင် ၉၀ ဒသမ ၃၆ တင်းနှုန်းထွက်ရှိသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် စိုက်/ကြပ်အဖွဲ့သည်ထားဝယ်မြို့ဇဟာကျေးရွာအုပ်စုနှင့် မောင်မယ်ရှောင်ကျေးရွာအုပ်စုများသို့သွားရောက်ပြီး မြို့နယ်ကြက်သွန်နီစိုက်ခင်းနှင့် နှမ်းစပါးစိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

(က-ပ)

မိုးကုတ်မြို့၌ မြို့ရေပေးဝေရေး ရေကာတာတည်ဆောက်

မိုးကုတ် ဇန်နဝါရီ ၃၀

မိုးကုတ်မြို့ မြို့ရေပေးဝေရေးလုပ်ငန်းဖြစ်သော မြို့မရေဦးကြီး ရေထွက်တွင် မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်သိန်း ဆောင်ရွက်သော အလျား၆၈ပေ၊ အကျယ် ၃ပေ၊ အမြင့် ၅ ပေရှိ ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးစိုးစိုးဦးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်မည့် ကမာဝက်-ကမာအုပ် ဂဝံခင်းရန် ဂဝံကျောက်စုဆောင်း မှုအခြေအနေကို မွန်ပြည်နယ်စည် ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူး ဦးတင်မောင်လွင်ကွင်း ဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်တို့က ရှင်းလင်းပြသကြစဉ်။ (မြို့နယ် စည်ပင်)

မှူခင်းကျဆင်းရေးကင်းမဲ့ဇုန် သတ်မှတ်ဆောင်ရွက်

ကောလင်း ဇန်နဝါရီ ၁၉

ကသာခရိုင် ရဲတပ်ဖွဲ့၏ဦးဆောင်မှုဖြင့် မှုခင်းကင်းမဲ့ဇုန် ဖြစ်မြောက်ရေးအတွက် ကောလင်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မှုခင်းဖြစ်ပွားမှုကျဆင်းစေရန် မှုခင်းကင်းမဲ့ရက်သတ္တပတ်အဖြစ် မြို့နယ်များတွင် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ရက်မှ ၂၂ ရက်အထိ မှုခင်းကင်းမဲ့ဇုန်အဖြစ်သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ မြို့နယ်လူစည်ကားရာတွင် လွှံ့ဆော်ရေး ဆိုင်းဘုတ်များ၊ ဆောင်ပုဒ်များကို ဇန်နဝါရီ လဆန်းမှစတင်၍ ဆောင်ပုဒ်များ၊ ပိုစတာများကိုစိုက်ထူပြီး လှုံ့ဆော်လျက်ရှိကြောင်း သိရသည်။

(ဝ၂၆)



ရွှေဘို-ရေဦးကားလမ်း၌ သန့်ရှင်းရေးဆောင်ရွက်

ခင်ဦး ဇန်နဝါရီ ၂၂

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက မြို့သန့်ရှင်းသာယာလှပရေးအတွက် ရွှေဘို-ရေဦးကားလမ်းဘေးဝဲယာတွင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ စိုက်ပျိုးထားသောပန်းအလှပင်များ ရှင်သန်ဖြစ်ထွန်းစေရန် မြေဆွပေါင်းရှင်းခြင်း၊ မြေယာရှုခင်းအလှဆောင်ရွက်ထားသော နေရာများတွင် ပန်းပင်များ အစားထိုး လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးဝင်းနိုင်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

သူနာပြုတက္ကသိုလ် ရန်ကုန် (၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၂၀၀၄–၂၀၀၅ပညာသင်နှစ်၊ ၂၀၀၄ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလ အတွင်းကျင်းပပြုလုပ်ခဲ့သော သူနာပြုသိပ္ပံ(ပေါင်းကူး)သင်တန်းဘွဲ့ရ စာမေးပွဲ အောင်မြင်သူများ၊ ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပပြုလုပ်သည့် သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) ၅/၂၀၀၄ သင်တန်းဘွဲ့ရစာမေးပွဲ အောင်မြင်သူများ၊ တတိယအကြိမ် သူနာပြု မဟာသိပ္ပံဘွဲ့လွန်သင်တန်းနှင့် အထူးပြုသူနာပြု ဒီပလိုမာ အောင်မြင် သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကျင်းပပြုလုပ်မည့်နေ့ရက်	–	၁၈–၃–၂၀၀၆ (စနေနေ့)
ကျင်းပမည့်နေရာ	–	ရန်ကုန်တက္ကသိုလ်၊ဘွဲ့နှင်းသဘင်ခန်းမ
ကျင်းပမည့်အချိန်	–	နံနက် (၀၉း၀၀)နာရီ
ဘွဲ့နှင်းသဘင်ကြေး	–	၁၅၀၀ိ/–(ကျပ်တစ်ထောင့်ငါးရာတိတိ) နှင့်ပတ်(စ်)ပို့ဓာတ်ပုံ (နှစ်လက်မ Xတစ်လက်မခွဲ) အရွယ်နှစ်ပုံ (လျှောက်လွှာနှင့်အတူပေးသွင်းရန်)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး	–	၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်နေ့ရက်	–	၁၇–၃–၂၀၀၆(သောကြာနေ့)
အစမ်းလေ့ကျင့်မည့်အချိန်	–	နံနက် (၀၉း၀၀)နာရီ
လျှောက်လွှာပိတ်မည့်ရက်	–	၃–၃–၂၀၀၆ (သောကြာနေ့)။

မှတ်ချက်။ ။ ဘွဲ့ဝတ်စုံငှားရမ်းခွင့် လျှောက်လွှာများကို ၁၀–၃–၂၀၀၆ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပါသည်။ အသေးစိတ် အချက်အလက်များကို ဤတက္ကသိုလ် စာမေးပွဲရေးရာ ဌာနစိတ်တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အမိန့်အရ–

ချိုချိုဟန်
မော်ကွန်းထိန်း
သူနာပြုတက္ကသိုလ်၊ ရန်ကုန်။

ရူပဗေဒကျောင်းသား/ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ

ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) ၁၉၈၄–၈၅ ပညာသင်နှစ် ရူပဗေဒသင်တန်းသို့ တက်ရောက်ခဲ့သော ရူပဗေဒမိသားစုကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ နှင့်မိတ်ဆုံစားပွဲ အခမ်းအနားကို ၂၀၀၆ခုနှစ် မတ်လ၅ ရက်၊ (တနင်္ဂနွေနေ့)နံနက် ၈း၀၀နာရီတွင် တက္ကသိုလ် များဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ၂၈–၂–၂၀၀၆ ရက် နောက်ဆုံး ထား၍ ဆက်သွယ် သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်–

၁။	ကိုဇော်ဝင်း(ဘုရင့်နောင်ပွဲရုံ)	ဖုန်း–၀၉–၅၁၂–၁၀၈၄၊ ၆၈၂၉၅၆
၂။	ကိုမိုးကျော်သူ	ဖုန်း–၀၉–၅၀၀–၂၅၂၄
၃။	ကိုမောင်မောင်	ဖုန်း–၀၉–၈၀–၂၃၇၇၉၊ ၀၉–၅၁၁–၅၄၅၁
၄။	ဒေါ်ထွေးလှဖြူ	ဖုန်း–၅၉၁၅၂၆၊ ၅၉၁၅၂၇ လိုင်းခွဲ (၂၂၁) Email: HHPhyu@Cool York. com zawmoetun@gmail.com
၅။	ဒေါ်မိုးမိုးအောင်	ဖုန်း–၅၇၂၈၁၆။

[illegible]

[illegible] "ရွှေမင်းသား [illegible]" [illegible] (၁၃–၂–၂၀၀၆) [illegible] ....

[illegible]	ဦးမြင့်ထွန်း (Chairman) "Shwe Myanmar" Utility Jade Product & Trading Co-OP (Ltd)
[illegible]	[illegible] (Hons:), M.Sc (cred:) Zool.
[illegible]	[illegible] B.Sc (Chem:) [illegible] B.A (Eng:) ([illegible])
[illegible]	[illegible] (B.M.Tech:)(Medical Imaging) (MDY)
[illegible]	[illegible] [Grade II A B.E.H.S (8)] [illegible]

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၆ ပညာသင်နှစ် Assignment Question စာအုပ်များ ရိုက်နှိပ်ရေးလုပ်ငန်းအတွက် ပုံနှိပ်လုပ်ငန်းရှင်များထံမှ ချိပ်ပိတ်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၁၇–၂–၂၀၀၆ ရက်နေ့ ၁၄း၀၀နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို တယ်လီဖုန်းအမှတ် ၅၃၅၀၇၃၊ ၅၃၅၆၁၅၊ ၅၃၇၄၁၁ များသို့ဆက်သွယ်မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည်။

Assignment Question စာအုပ်များရိုက်နှိပ်ရေးလုပ်ငန်းကော်မတီ
ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ဆေးဝါးမှတ်ပုံတင်လက်မှတ် အမှတ် ၀၆၀၁၊ A4387 မူရင်းတစ်စောင်ပျောက်ဆုံး နေပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း–09 5105043။

အမည်ပြောင်း

အဖဦးသဒ္ဒါဦး၏သမီးဖြစ်သူ အလက(၈)လှိုင်၊ တတိယတန်းတွင် ပညာသင်ကြားနေသော မမေချယ်ဦးအား သန်းခေါင်စာရင်းပါ အမည်အတိုင်း မကေခိုင်ဝင့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

ဦးအောင်ငြိမ်း–ဒေါ်တင်မေတို့အားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်း အမှတ် ၃၁၂နေ သားသမီး မြေး မြစ်တစ်စုက ဥက္ကလာပစေတီတော် ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ်နှစ်သိန်းငါးသောင်းကို ဥက္ကလာပစေတီ မဟာမုနိဓမ္မာရုံ ရွှေသင်္ကန်းဘဏ္ဍာငွေရှာဖွေရေးအဖွဲ့ဥက္ကဋ္ဌဦးကိုရည်နှင့် အတွင်းရေးမှူး ဦးမြင့်သိန်းတို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သုံးခွမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

သုံးခွမြို့နယ် အသင်း (ရန်ကုန်)၏နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်နံနက် ၈နာရီတွင် ပုဇွန်တောင်မြို့နယ်ဘုရားဖြူကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။အသင်းဝင် သားသမီးများ (၂၀၀၄–၂၀၀၅) တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ နိုင်ငံတော်အဆင့် စာပေ၊ ဂီတ၊ ရုပ်ရှင်အားကစား ထူးချွန်သူများ၊ အသက်(၇၅)နှစ်အထက် အသင်းဝင်များ အမည်စာရင်းကို အမှုဆောင်များထံ ကြိုတင်စာရင်းပေးသွင်းရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မော်ဘီမြို့နယ် သမိုင်းဝင် ရွှေမော်တင်စေတီတော် (တတိယ) အကြိမ် ဘက်စုံမွမ်းမံ ပြုပြင်ရန်အတွက် နှစ်ဖက်မိဘများ ဖြစ်ကြသော ဦးမြဟန်–ဒေါ်တင်ရွှေ၊ ဦးမင်းဝေတို့အား ရည်စူးပြီး မိခင်ကြီး ဒေါ်သန်းရီအား အမှူးထားကာ ကိုခင်မောင်ဇော်–မအေးအေးမင်း (သား) မောင်လပြည့် မိသားစုက လှူဒါန်းငွေကျပ်သိန်း ၁၅၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုးထံ ပေးအပ်လှူဒါန်းကြစဉ်။ (က–ပ)

စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေး ပေါက်ခေါင်းမြို့နယ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ပေါက်ခေါင်း ဖေဖော်ဝါရီ ၃

ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ထန်းတပင်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ မူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးကြည်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းတင့်က ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး **(အောက်ယာပုံ)**နှင့် စာကြည့်တိုက်မှူး ဒေါ်နွယ်နွယ်အောင်က ပြည်သူ့စာကြည့်တိုက် လုပ်ငန်းအကြောင်းကို အလုပ်ရုံ ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုအတွင်းရှိ ထန်းတပင်၊ ဂတ်အစ်ကုန်း၊ ပိတောက်ကျော၊ ဘွဲ့ပင်ကွင်းနှင့် လယ်မကျေးရွာတို့မှ စာကြည့်တိုက် ကော်မတီဝင်များ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

လှူဒါန်း

ထို့နောက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသခံ အလှူရှင်များနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက လှူဒါန်းသည့် သုတ၊ရသစာအုပ်မျိုးစုံ ၅၄၅ အုပ်ကို အလှူရှင်များကိုယ်စား မြို့နယ်ဦးစီးမှူးက လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံများဖြစ်သော ဦးကျော်ထွန်းဦး၊ ဦးဇော်ဦး၊ ဦးဝင်းဋ္ဌေးအောင်၊ ဦးချိုမြင့်နှင့် ဦးကျော်ဦး တို့က လက်ခံရယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့ အမှတ် ၅ နယ်မြေ မရမ်းချိုရပ်ရှိ သမိုင်းဝင်ရှေးဟောင်းဆပွဋ္ဌ သိမ်တော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်ရန်အတွက် ဖေဖော်ဝါရီ၅ ရက်က အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ပုသိမ်မြို့ မရမ်းချိုလမ်းနေ ဦးသန်းဦး– ဒေါ်စိုးစိုးရီ၊ သားမောင်သန်းထွဋ်နိုင်၊ သမီး မစုရတနာ (နိုင်ရွှေစင်ရေလုပ်ငန်းကုမ္ပဏီ)မိသားစုက အလှူငွေကျပ်သိန်း၄၀ ပေးအပ်လှူဒါန်းရာ အဖွဲ့အတွင်းရေးမှူး ဦးစိုးမြင့်က လက်ခံယူစဉ်။ (က–ပ)

ပုညဝိသုဒ္ဓိဓမ္မာရုံ တည်ဆောက်ရေး အလှူငွေပေးအပ်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၅

မော်လမြိုင်ကျွန်းမြို့နယ် ဂုဏ်ဆောင် ပုညဝိသုဒ္ဓိမြို့နယ်ဓမ္မာရုံ ပြန်လည်ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၉ရက်က အဆိုပါဓမ္မာရုံဟောင်း၌ ကျင်းပကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က ပုညဝိသုဒ္ဓိဓမ္မာရုံ ဆောက်လုပ်ရေးလုပ်ငန်းများကို လည်းကောင်း၊ ဦးစီးကော်မတီအတွင်းရေးမှူး ဦးနီက ဓမ္မာရုံဆောက်လုပ်ရေးအတွက်ပါဝင်လှူဒါန်းမှု ငွေစာရင်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့ အောင်ဆန်း ၁၄လမ်း အမှတ် (၁၆)နေ ဦးတူး– ဒေါ်ရှုတီမိသားစုက ပထမအကြိမ် ငွေကျပ် သိန်း ၃၀နှင့် ဒုတိယအကြိမ် ငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၅၀ကို ပုညဝိသုဒ္ဓိမြို့နယ်ဓမ္မာရုံ ဆောက်လုပ်ရေး အတွက် ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်က လက်ခံယူသည်။ **(၀၉၇)**

မိုင်းဆတ်မြို့နယ်၌ ကြက်ဆူပင်များ ပြုစုပျိုးထောင်

မိုင်းဆတ် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကြက်ဆူပင် ပျိုးထောင်ဥယျာဉ်တွင် ၂၀၀၆ခုနှစ် မေလ မိုးဦးကျအချိန် ကြက်ဆူပင်များ မြေချစိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစီးအရာရှိ ဦးတင့်ဝေနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ကြက်ဆူပင်များ ပြုစုပျိုးထောင်ခဲ့ကြရာ ကြက်ဆူစေ့ ၉၀၀နှင့် ကြက်ဆူကိုင်း ၆၈၄ပင်ကို ပျိုးထောင်ခဲ့ပြီး ရည်မှန်းထားသည့် သတ်မှတ်ပျိုးပင် ၆၀၀၀ ပြည့်ရန် ဆက်လက်၍ ပြုစုပျိုးထောင်မည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားကျင်းပ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ဖတ်ကြား

ပြည်သူလူထုအင်အားတစ်သောင်းကျော် တက်ရောက်အလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ် ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီးထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေး အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ပြည်သူ့ရင်ပြင်ရှေ့ ရောက်ရှိ

ရှေးဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့ နေရာယူပြီးနောက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နားခဲ့သည့် ပြည်ထောင်စု အလံတော်သည် ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် တို့၌ တစ်ညတာစီ ရပ်နားခဲ့ပြီး နံနက် ၇ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုလှေဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့သို့ ရောက်ရှိလာသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

မြန်မာ့အလင်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

အသီးတစ်ရာ
အညှာတစ်ခု
နှီးပြည်ထောင်စု

❑ ရှည်လျားခိုင်မာသော မြန်မာ့သမိုင်းစဉ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းတစ်ပါးသားတို့၏ ကျူးကျော်ရန်စမှုကို ဆတ်ဆတ်ထိမခံ လက်တွဲ တွန်းလှန်တိုက်ဖျက်တတ်သည့် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ မားမားမတ်မတ် ရပ်တည်နိုင်စေရန် ထာဝစဉ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့သည့် အမျိုးသားရေးအားမာန်များဖြစ်။

ခေါင်းကြီး (စာ - ၂)

❑ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲပြီး တိုးတက်ဖွံ့ဖြိုးနေစေရန်အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ဖြစ်ထွန်းနေစေရန် လိုအပ်။

မောင်ချစ်ကြည်၏ ဆောင်းပါး (စာ ၈-၉)

❑ စည်းလုံးညီညာပြည်မြန်မာ — စိုးမိုး(ပုသိမ်)၏ ကဗျာ (စာ-၉)

❑ ဖွံ့ဖြိုးတိုးတက်လျက်ရှိသောရခိုင်ပြည်နယ် — သတင်းဓာတ်ပုံမှတ်တမ်း (စာ-၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး